ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ပထမဝါဆိုလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (30-6-2004) (၄၂၈၀)

ဗာဟုသစ္စဥ္စ
တေံ မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခင်းကျင်းပြသထားသည့် စည်ပင်သာယာရေးဦးစီးဌာနက တီထွင်ထုတ်လုပ်ထားသော မြေအနက်အမျိုးမျိုးကို တူးဖော်နိုင်သည့် စက်ရေတွင်း တူးဖော်စက်များ၊ ရွှေ့လျားစက်ပြင် အလုပ်ရုံယာဉ်နှင့် ရေပေးရေးလုပ်ငန်းဆိုင်ရာ စက်ယန္တရားများကို လှည့်လည်ကြည့်ရှုစဉ်။

(သတင်းစဉ်)

မြို့ပြနှင့်ကျေးလက်များဖွံ့ဖြိုးရေးသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်
မြို့နှင့်ရွာများ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းစေရေး စနစ်တကျ စီမံချက်ချမှတ်ဆောင်ရွက်
ပြည်သူများနှင့် အမြဲမပြတ်ထိတွေ့ပြီး ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်ကို သိမြင်ဖြည့်ဆည်း

ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

ရန်ကုန် ဇွန် ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၈နာရီခွဲ တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဗာတ်ရုံ၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် စည်ပင်သာယာရေးအရာရှိများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

တက်ရောက်

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှအမှုဆောင်အရာရှိများ၊ တာဝန်ခံအင်ဂျင်နီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ရန်ကုန်မိုး **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။**

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ
တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏
ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် ဇွန် ၂၉

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာ ခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ခုဖြစ်သော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❒

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

(30-6)KM.P65 1 30/6/04, 1:10 AM

ကြေးမုံ The Mirror
၃၀-၆-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နယ်စပ်ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများဖြင့် ပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်ရာ နိုင်ငံတော်အစိုးရက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထာဝစဉ်အလေးထားဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာစေရေးအတွက် ဦးတည်ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာစေရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး နိုင်ငံတော် တည်ဆောက်ကာကွယ်ရေးတာဝန်များတွင် ပါဝင်ထမ်းဆောင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်ရရှိစေရေး ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေကျပ်သန်းပေါင်း ၅၆၀၀၀ ကျော်နှင့် နိုင်ငံခြားငွေဒေါ်လာ သန်း ၅၅၀ ကျော်သုံးစွဲခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ကူညီပံ့ပိုးမှု၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ တက်ညီလက်ညီပူးပေါင်းပါဝင် ကြိုးပမ်းမှုများကြောင့် နယ်စပ်ဒေသများမှာ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ယင်းသို့ ဖွံ့ဖြိုးတိုးတက်လာသည့် အခြေခံကောင်းများကို ရေရှည်ထိန်းသိမ်းမြှင့်တင်သွားနိုင်မည့် အစီအမံများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နယ်စပ်ဒေသများမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးသည့် တိုင်းရင်းသားလူငယ်များ ပေါ်ထွက်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇွန်လ ၂၇ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ရန်ကုန်နှင့် မန္တလေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (AGTI) ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်-

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်က လေ့ကျင့်သင်ကြားပေးလိုက်သည့် အသိပညာ၊ အတတ်ပညာရပ်များကို အကျိုးရှိထိရောက်တန်စွာအသုံးပြုပြီး မိမိတို့တာဝန်ကျရာ နယ်စပ်ဒေသအသီးသီးမှာ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ် ဆောင်ရွက်သွားကြရန်

မှာကြားခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ၏ ကျောင်းဆင်းပွဲနှင့် လုပ်ငန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်သည် တတိယအကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ယခု ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် ရန်ကုန်ဒီဂရီကောလိပ်မှ ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရကျောင်းသား ၃၈ ဦးနှင့် အင်ဂျင်နီယာ ဒီပလိုမာရရှိသူ ၂၃ ဦး၊ မန္တလေးဒီဂရီကောလိပ်မှ ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရကျောင်းသား ၃၄ ဦးနှင့် အင်ဂျင်နီယာဒီပလိုမာရရှိသူ ၂၀ စုစုပေါင်းသင်တန်းဆင်းကျောင်းသား ၁၁၅ ဦး ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှ သင်တန်းဆင်းလာကြသည့် တိုင်းရင်းသားလူငယ်များသည် မိမိတို့တာဝန်ကျရာ နယ်စပ်ဒေသများသို့ သွားရောက်၍ ပညာရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေးနှင့် တည်ဆောက်ရေးကဏ္ဍအသီးသီးတို့၌ စီမံခန့်ခွဲသူအဆင့်များဖြင့် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး ရေရှည်ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေးအတွက် သင်တန်းဆင်းကျောင်းသားများက နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မိမိတို့၏ အသိပညာ၊ အတတ်ပညာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

Frontier Labourers Care (FLC) Health Care Foundation(Canada)**က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဆေးရုံသုံး ပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင်** (FLC) Health Care Foundation (Canada) **မှ** Founder & Director Mr. Daniel Kalnin **က တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၃၈၃၁၆၈ ရှိ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့် လက်ခံယူစဉ်။**

(သတင်းစဉ်)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးပစ္စည်းကိရိယာများလှူဒါန်း

ရန်ကုန် ဇွန် ၂၉

ကျန်းမာရေးကဏ္ဍကိုသာ အဓိကထားဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်း တစ်ခုဖြစ်သည့် Frontier Labourers Care (FLC) Health Care Foundation (Canada) က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဆေးရုံသုံး ဆေးပစ္စည်းကိရိယာများပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သူနာပြုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းကိရိယာများကိုလက်ခံသည်။

အခမ်းအနားသို့ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ သူနာပြုအုပ်ကြီးနှင့်သူနာပြုများနှင့် အလှူရှင် F.L.C. Health Care Foundation (Canada)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ F.L.C.Health Care Foundation (Canada)မှ Founder & Director, Mr. Daniel Kalnin က တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၃၈၃၁၆၈ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဆေးရုံသုံး ဆေးပစ္စည်းကိရိယာများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က လက်ခံပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာ ဒေါ်နုနုသာက ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် လိုအပ်သော ဆေးပစ္စည်းကိရိယာများ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ကျော်မြင့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွက် F.L.C.Health Care Foundation (Canada)မှ လှူဒါန်းသည့် ဆေးရုံသုံးဆေးပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

Frontier Labourers Care (FLC) Health Care Foundation (Canada)**က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဆေးရုံသုံးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် လှူဒါန်းသော ဆေးရုံသုံး ပစ္စည်းကိရိယာများကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

၂၀၀၄ခုနှစ်၊ ဇူလိုင်လ (၃)ရက်
မြန်မာအမျိုးသမီးများနေ့
MYANMAR WOMEN'S DAY

အမျိုးသမီးနှင့် ကင်ဆာရောဂါ ပညာပေးဟောပြောပွဲ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ အမျိုးသမီးနှင့် ကင်ဆာရောဂါအကြောင်း ပညာပေးဟောပြောပွဲကို ဇူလိုင် ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၄၉၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ကျင်းပမည်ဖြစ်ရာ ပါမောက္ခ ဒေါ်သန်းသန်းတင်(ပါမောက္ခ/ဌာနမှူး၊ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီး ဆေးရုံကြီး)က ဟောပြောမည်ဖြစ်သည်။ ဆရာဝန်များ၊ ဆေးကျောင်းသား၊ ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ကွင်းကျောင်းစာသင်တိုက် တရားဓမ္မပူဇာပွဲများ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း အလုံမြို့နယ် ကွင်းကျောင်းစာသင်တိုက် သာသနဟိတကာရီဓမ္မဗိမာန်၌ အလှူရှင် မနွယ်နွယ်အေး မိသားစု(ရွှေသံလွင်အိမ်ရာ)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည့် တရားဓမ္မပူဇာပွဲများအဖြစ် ဇူလိုင် ၄ ရက် ညတွင် အောင်စကြာဆရာတော်၊ ဇူလိုင် ၅ ရက်ညတွင် တိပိဋကရေ ယောဆရာတော်၊ ဇူလိုင် ၆၊ ၇၊ ၈ ရက်ညများတွင် ဖြူးဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သို့ ဖွံ့ဖြိုးစည်းလုံးမှုဖြင့် ချီတက်

မောင်နွယ်စစ်

နိုင်ငံတော်ကြီး အေးချမ်း၊ လုံခြုံ၊ တည်ငြိမ်အောင် ဦးစွာကြိုးစားပြီး ငြိမ်းချမ်းသော ပတ်ဝန်းကျင်၌ စည်းလုံးကြံ့ခိုင်သော စုပေါင်းအားဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနိုင်သော နိုင်ငံတစ်ခုကို ပြပါဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကိုသာ ပြရပေလိမ့်မည်။

၁၉၈၈ ဆူပူဖျက်ဆီးမှုကြီးမှ ရုန်းထွက်လာပြီး တည်ငြိမ်အောင်၊ ဥပဒေစိုးမိုးအောင်၊ ရပ်ရွာအေးချမ်းသာယာအောင် ကျားကုတ်ကျားခဲ လုပ်ယူခဲ့ရသည်။ ထိုမှတစ်ဆင့်တက်၍ အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ခဲ့ရာ နိုင်ငံတော်၏ စေတနာမှန်ကန်မှုကြောင့် တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး မိမိတို့ဒေသ ဖွံ့ဖြိုးရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးရေးအစီအစဉ်များ၌ အားတက်သရော ပါဝင်လာကြရာ နိုင်ငံတော်သည် ငြိမ်းချမ်းလာခဲ့သည်။ တစ်ပြိုင်နက်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်မှုများ အံ့မခန်းရရှိခဲ့သည်။ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့ကို ပေါင်းစပ်လိုက်သောအခါ သာယာဝပြောမှု ရလဒ်ကြီးကို ဆုပ်ကိုင်နိုင်ခဲ့တော့သည်။

တပ်မတော်က နိုင်ငံတာဝန်ယူရသောအခါ အထက်၌ တင်ပြခဲ့သော ဥပဒေစိုးမိုးမှု၊ ရပ်ရွာအေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုတို့ကို ဦးစွာကြိုးပမ်းခဲ့သည်။ ထို့နောက် ညီအစ်ကိုနောင်ရင်း သွေးချင်းများ၏ စည်းလုံးမှုကို လက်တွေ့ကျသော ဖွံ့ဖြိုးတိုးတက်တည်ဆောက်မှုဖြင့် လမ်းခင်းကြိုးပမ်းခဲ့သည်။ လက်နက်ကိုင် ၁၇ ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခြင်းဖြင့် အမျိုးသား စည်းလုံးညီညွတ်မှုခွန်အား တောင့်တင်းခိုင်မာလာစေခဲ့သည်။

ယနေ့ နိုင်ငံတော်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံခေါင်းဆောင်များသည် နေ့မအား၊ ညမနား ကြိုးပမ်းခဲ့ကြသည်။ ခရီးစဉ်အမျိုးမျိုးကို မရပ်မနား အကြိမ်ကြိမ် ထွက်ခဲ့ကြသည်။ ပြည်တွင်း၌ ငြိမ်းချမ်းရေးခရီးစဉ်၊ ဖွံ့ဖြိုးရေးခရီးစဉ်၊ ပြည်ပသို့ ချစ်ကြည်ရေးခရီးစဉ်များ စဉ်ဆက်မပြတ်သွားခဲ့ကြပုံကို သတင်းစာများ၌ မောင်နွယ်စစ်တို့ မပြတ်မလပ် မြင်တွေ့ကြားသိနေရသည်။

ဒေသတစ်ခုတွင် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် တစ်စုံတစ်ခု တည်ဆောက်ရန် (ဥပမာ-တံတား၊ လမ်း၊ စက်ရုံ၊ တက္ကသိုလ် စသည်) နေရာရွေးချယ်ရန် တစ်ခေါက်၊ အုတ်မြစ်ချရာ၊ ပိုင်တိုင်ရိုက်ရာ၊ စတင်ဆောက်လုပ်ရာသို့ တစ်ခေါက်သွားပြီး ကြည့်ရှုညွှန်ပြသည်။ ဆောက်လုပ်၊ ဖောက်လုပ်ဆဲကာလတွင် အကြိမ်ကြိမ်သွားရောက်ကြသည်။ လိုအပ်သည်များ ဖြည့်ဆည်းပေးကာ ညွှန်ပြသင့်သည်များ ညွှန်ပြကြသည်။ ပြီးခါနီး တစ်ခေါက်၊ ပြီးခါစ တစ်ခေါက်၊ ဖွင့်ပွဲတစ်ခေါက် သွားရောက် စစ်ဆေးကြည့်ရှုပြီးနောက် ယင်းလုပ်ငန်းများ ချောမောစွာ ပြီးစီးသွားမြဲဖြစ်သည်။

အခြား စိုက်ပျိုးရေးနယ်ပယ်၊ စက်မှုနယ်ပယ်၊ ဒေသဖွံ့ဖြိုးရေးနယ်ပယ် အသီးသီး၌ အကြိမ်ကြိမ်အထပ်ထပ် စစ်ဆေး၊ ညွှန်ကြား၊ ဖြည့်ဆည်းပေးသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာခြင်းဖြစ်ပေသည်။

နိုင်ငံတော်အကြီးအကဲ၊ ခေါင်းဆောင်များ၊ တာဝန်ရှိသူများ၏ ထိုဖွံ့ဖြိုးရေး ခရီးစဉ် အချို့အကြောင်း မောင်နွယ်စစ် လေ့လာရေးသားခဲ့ပါသည်။ ဤဆောင်းပါးတွင် ယခု ဇွန်လ ၁၁ ရက်မှ ၁၄ ရက်နေ့အထိ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ စစ်ကိုင်းတိုင်းခရီးစဉ်မှာ မောင်နွယ်စစ် ဦးနှောက်တွင် စွဲထင်ကျန်ရစ်သော ဖွံ့ဖြိုးရေးလုပ်ငန်းအချို့အကြောင်း တင်ပြသွားလိုပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ဇွန်လ ၁၁ ရက်နေ့တွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရောက်ရှိကြပါသည်။ ဦးစွာ ကလေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ကလေးတက္ကသိုလ် ဘွဲ့ကြိုတန်း၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်တန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုသင်တန်းများ၊ ကွန်ပျူတာအလုံး ၁၂၀ ဖြင့် သင်ကြားနေသော IT ခေါ် သတင်းနည်းပညာ စာသင်ခန်းများ ပါဝင်သည်။

သုံးထပ် စာသင်ဆောင် သုံးဆောင်၊ စာသင်ခန်းမကြီး လေးဆောင်၊ တိုးချဲ့စာသင်ဆောင်နှစ်ဆောင် တည်ဆောက်ပြီးဖြစ်ကာ ဆက်လက်၍လည်း တိုးချဲ့တည်ဆောက်ဆဲ အဆောင်များ ရှိသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ချင်းပြည်နယ်မှ ကျောင်းသူ၊ ကျောင်းသားများ လွယ်လင့်တကူ လက်လှမ်းမီစွာ ပညာသင်နိုင်ကြရန် ကလေးတက္ကသိုလ်ကို ထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊ တိုင်းတစ်ခုလျှင် တက္ကသိုလ်တစ်ခုစီ ဖွင့်လှစ်ပေးခြင်းမဟုတ်၊ ပြည်နယ်တစ်ခု၊ တိုင်းတစ်ခုမှာပင် လိုအပ်ပါက နှစ်ခုဖြစ်စေ၊ သုံးခုဖြစ်စေ လိုအပ်သလို တက္ကသိုလ်များ ထူထောင်ပေးလျက်ရှိကြောင်း၊ တနင်္သာရီတိုင်း၌ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်တို့ ဖွင့်ပေးကာ ရှမ်းပြည်နယ်၌ တောင်ကြီးတက္ကသိုလ်၊ လားရှိုး ဒီဂရီကောလိပ်၊ ကျိုင်းတုံ ဒီဂရီကောလိပ်၊ ပင်လုံတက္ကသိုလ်တို့ကို လိုအပ်ချက်အပေါ် လိုအပ်သလို ဖွင့်ပေးထားသည်ကို သာဓကဆောင်လိုကြောင်း။

မိမိတို့သည် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသားညီအစ်ကိုများ ချစ်ချစ်ခင်ခင် စုစုစည်းစည်း နေထိုင်ခဲ့ကြသည့် ပြည်ထောင်စု အစဉ်အလာ ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ ပြည်နယ်(၇)ခုနှင့် တိုင်း(၇)ခုဖြင့် ဖွဲ့စည်းထူထောင်ထားပြီးသော ပြည်ထောင်စုကြီး ရေရှည်တည်တံ့ ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ တိုင်းရင်းသားလူမျိုးနွယ်စုအားလုံး၏ အကျိုးစီးပွားကို မျှမျှတတ၊ မှန်မှန်ကန်ကန် ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ လူမျိုးတစ်မျိုး၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ဖွဲ့တို့အတွက်ကိုသာ အလေးထား ခွဲခြားဆောင်ရွက်ခြင်းမျိုး မဖြစ်သင့်ကြောင်း။

ဤနေရာ၌ မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိအောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်၏ ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ရာတွင် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ပထမဆုံးအဆင့်ဖြစ်သကဲ့သို့ အရေးကြီးဆုံး အဆင့်လည်းဖြစ်ကြောင်း၊ ယင်းညီလာခံ၌ ပြည်နယ်၊ တိုင်းများအလိုက် တိုင်းရင်းသား ကိုယ်စားလှယ်များရော လူထုလူတန်းစား ကိုယ်စားလှယ်များပါ စုံညီစွာ တက်ရောက်လျက်ရှိကြောင်း။

ယင်းညီလာခံကြီး အောင်မြင်ရေးအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ်စလုံး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တက္ကသိုလ်ဆရာ၊ ဆရာမများအပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကလေးတက္ကသိုလ်ကို ကြည့်ရှုစစ်ဆေးပြီးနောက် ကလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းဆေးရုံကြီးကို ခုတင်-၂၀၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးလက်ဒေသ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာသော မြို့ဖြစ်ရေးအတွက် နီးနွယ်ဆက်စပ်မှုရှိသော သက်ဆိုင်ရာဌာနများ လက်တွဲပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

ကလေး နည်းပညာကောလိပ်ကို ကြည့်ရှုစစ်ဆေးရာတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က နည်းပညာကောလိပ်မှ လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အတတ်ပညာရှင်များသည် အရည်အချင်းပြည့်ဝသော အတတ်ပညာရှင်များ ဖြစ်လာရေးအတွက် စနစ်တကျ သင်ကြားလေ့ကျင့်ပေးကြရန် မှာကြားသည်။

အစိုးရ ကွန်ပျူတာကောလိပ်ကို ဆက်လက်ကြည့်ရှုပြီး ကလေးမြို့ အောင်ဆန်းခန်းမတွင် ခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမှာကြားရာတွင် ကလေးခရိုင်၏ တင်ပြချက်များကို အတတ်နိုင်ဆုံး စိစစ်ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ကလေးဒေသသည် ချင်းပြည်၏ တံခါးဝ ဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံသို့ ထွက်ပေါက်လည်း ဖြစ်သဖြင့် နိုင်ငံတော်အတွက် အချက်အချာကျကြောင်း၊ ထို့အပြင် ကလေးချိုင့်ဝှမ်းသည် စိုက်ပျိုးရေးအတွက် ရေခံမြေခံကောင်းမွန်သည့်ဒေသဖြစ်၍ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု အားကောင်းပြီး ဆန်ပိုလျှံသောဒေသလည်း ဖြစ်သောကြောင့် ချင်းပြည်နယ်အတွက် လိုအပ်သော စားနပ်ရိက္ခာကို ဤဒေသက ပံ့ပိုးထောက်ပံ့လျက်ရှိကြောင်း။

မိမိဒေသအတွက် ဆန်စပါးဖူလုံရုံသာမက ပိုလျှံနေသည်ဆိုပြီး ကျေနပ်နှစ်သိမ့်နေ၍မဖြစ်ဘဲ ပိုမိုပိုလျှံသည်ထက်ပိုလျှံအောင် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုကို တိုးမြှင့်ရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိဒေသနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်ဒေသကိုလည်းကောင်း၊ နိုင်ငံတော်ကိုလည်းကောင်း ပိုမိုအကျိုးပြုနိုင်မှာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအရ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိသော်လည်း ပြည်ပသို့ တင်ပို့နိုင်သည်အထိ ပိုလျှံမှုမရှိသေးကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်သူတစ်ဦးချင်း၏ ဆန်စားသုံးမှုသည် အရှေ့တောင်အာရှနိုင်ငံများ၌ အများဆုံးဖြစ်နေရာ ဆန်စပါးကို ဖြစ်နိုင်သမျှ တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်နေသေးကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသအလိုက် ဆန်စပါး ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မှသာ ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချလာနိုင်မှာ ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရန် မိုးစပါး စိုက်ဧကကို ဧကသိန်း ၂၀ အထိ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းချက်ပေးထားပြီးဖြစ်၍ ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။ ဆက်လက်၍ ကလေးစက်မှုဇုန်ကိုလည်း ကြည့်ရှုအားပေးခဲ့သည်။

ဇွန်လ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကလေးမြို့နယ်၌ ကျင်းပသော မြစ်သာတံတား(ကလေးဝ)ဖွင့်ပွဲသို့ တက်ရောက်သည်။ ကလေးဝ ပြည်သူ့ဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များဖြည့်ဆည်းပေးသည်။ ပုလဲမြို့သို့ ဆက်လက်သွားရောက်ကာ မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ စပါးစိုက်ပျိုးမှု တိုးတက်လုပ်ကိုင်ရန် မှာကြားသည်။ ပုလဲမြို့မှတစ်ဆင့် မုံရွာသို့ ခရီးဆက်သည်။ ထိုမှတစ်ဆင့် ဘုတလင်မြို့နယ် ချင်းတွင်းမြစ် (ရွှေစာရေးအထက်) ရေလှောင်တမံစီမံကိန်းသို့ သွားရောက်စစ်ဆေးသည်။ ယင်း ရေလှောင်တမံတည်ဆောက်ပြီးပါက ရေလှောင်ပမာဏ ၅ ဒသမ ၅ သန်းဧကပေရှိမည်။ စိုက်ပျိုးဧက ၂၉၀၀၀ နှင့် ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်ရာ၌ အသုံးပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်သည် ခေဥစ္စာကြွယ်ဝချမ်းသာမှု မရှိသော်လည်း စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးထားသော ရင်းနှီးမှုပမာဏမှာ များပြားလှကြောင်း၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသတစ်ခုနှင့် တစ်ခုအကြား၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား၊ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှုမရှိစေဘဲ မျှမျှတတ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာအောင် လုပ်နိုင်မှသာ ရေရှည်၌ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ မြင့်မားသည်ထက် မြင့်မားပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပိုမိုအထောက်အကူပြုစေမှာဖြစ်ကြောင်း၊ မိမိတို့ဒေသနှင့် နိုင်ငံတော်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် စေတနာရှေ့ထား၍ ဝီရိယအား စိုက်ထုတ်ကြိုးပမ်းသွားကြစေလိုကြောင်း မှာကြားသည်။

ဇွန်လ ၁၃ ရက်နေ့တွင် အရာတော်မြို့နယ် မကျီးခေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပြီး ကျေးရွာမြစ်ရေတင်စီမံကိန်းကို ကြည့်ရှုကာ စပါးစိုက်ပျိုးရေး တိုးချဲ့လုပ်ဆောင်ရန် မှာကြားသည်။ အရာတော်မြို့နယ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချီးမြှင့်သည့် ကျန်းမာရေး ဆုတံဆိပ်ရဖူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန် မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေဘိုမြို့သို့ ဆက်လက်သွားရောက်ကာ ရွှေဘိုမြို့ရှိ ရတနာသိင်္ခမြို့တည် အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာ၊ မင်္ဂလာနန်းတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ရွှေဘိုမြို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဆန်စပါး ပိုလျှံအောင် တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားသည်။ ဆက်လက်၍ ဝက်လက်မြို့သို့ သွားရောက်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ရေဦး၊ မုံရွာမြို့တို့သို့ ဆက်လက်သွားရောက်ကာ စိုက်ပျိုးရေး၊ ပညာရေးဆိုင်ရာများ မှာကြားသည်။

ဇွန်လ ၁၄ ရက်နေ့တွင် မုံရွာမြို့ ခုတင်-၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံ၊ မုံရွာမြို့ ရှေးဟောင်း မြန်မာစာပေရေးရာဌာန မုံရွာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုကာ ပြည်ထောင်စုနိုင်ငံတော်ကြီး၌ တိုင်းရင်းသားညီအစ်ကို လူမျိုးနွယ်စုတစ်ရာကျော် စုစည်းနေထိုင်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နေရန် အရေးကြီးကြောင်း၊ မိမိတို့လက်ထက်၌ နယ်စွန်နယ်ဖျား၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးကို အလေးထား ဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြီး ကွက်လပ်မကျန် ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်ကို စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် တင်ပေးနိုင်ရန် ချမှတ်ထားပြီးဖြစ်သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ကြရာ၌ ဆရာကြီး၊ ဆရာမကြီးများကလည်း ကျရာအခန်းမှ တက်တက်ကြွကြွ ပါဝင်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ စစ်ကိုင်းတိုင်းခရီးစဉ်တွင် စစ်ကိုင်းတိုင်း၏ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်နေပုံများ မြင်သိရ၏။ ထို့ကြောင့် ခရီးစဉ်သည် ဖွံ့ဖြိုးရေးခရီးစဉ်၊ တိုင်းရင်းသား ချစ်ကြည်စည်းလုံးမှု တိုးတက်ရေးခရီးစဉ်အဖြစ် ရှုမြင်မိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** (က) မြန်မာစာ (ရသစာပေအရေး အသားအထူးပြု) (ခ) မွေ့နွှန်းရကန်
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ မြန်မာ့ရှုခင်း
၆:၄၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်" (အပိုင်း-၁)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၃၂)**
	၂၅။ သင့်အတွက်မနက်ဖြန်
	၂၆။ အပိတ်နှုတ်ဆက်စကား
	၂၇။ ပြီးပါပြီ။

နိုင်ငံတကာ သတင်းများ

အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် ငြင်းဆိုမှု ဂျာမနီ ပြောင်းလဲမည်မဟုတ်

ဘာလင် ဇွန် ၂၈

အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ငြင်းဆိုမှုနှင့် စပ်လျဉ်း၍ ဂျာမနီအစိုးရက သဘောထားပြောင်းမည် မဟုတ်ကြောင်း၊ သို့ရာတွင် ယင်းပြဿနာသည် အစ္စတန်ဘူလ်၌ တနင်္လာနေ့တွင် ကျင်းပမည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ထိပ်သီးအစည်းအဝေးတွင် အငြင်းပွားစရာ ပြဿနာအဖြစ် ရောက်ရှိလာနိုင်မည်ဟု မိမိ မထင်မြင်မိကြောင်းဖြင့် ဂျာမနီဝန်ကြီးချုပ် ရှရိုးဒါးက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ဇွန် ၂၇ ရက်က ဘဂ္ဂဒက်မြို့ ပါလက်စတိုင်းဟိုတယ်အနီးတွင် အတားအဆီးများချနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အတ္တလန္တိတ်သမုဒ္ဒရာ အခြားတစ်ဖက်နိုင်ငံများနှင့် သဘောထား ကွဲလွဲမှုကို သမိုင်းမှတ်တမ်းများတွင် ပါရှိသွားပြီဖြစ်ကြောင်း၊ နေတိုးအဖွဲ့ဝင်နိုင်ငံများအားလုံးက အီရတ်နိုင်ငံတွင် တည်ငြိမ်ရေးနှင့် ဒီမိုကရေစီရေး အခြေအနေတိုးမြင့်လာရေးကို စိတ်ဝင်တစား ရှိနေကြကြောင်း ရှရိုးဒါးက အစ္စတန်ဘူလ်သို့ မထွက်ခွာမီ ဘာလင်တွင် သတင်းစာဆရာများအား ပြောကြားသည်။

အီရတ်နိုင်ငံတွင် ဂျာမနီတပ်ဖွဲ့ဝင်များ ရှိနေမည် မဟုတ်ကြောင်း၊ ယင်းသဘောထားကို အစကတည်းက ပြောကြားခဲ့ပြီးဖြစ်ကာ အစ္စတန်ဘူလ် အစည်းအဝေးတွင် ရပ်တည်မည့် သဘောထားလည်းဖြစ်ကြောင်း ရှရိုးဒါးက ဆက်လက်ပြောကြားသည်။

အစ္စတန်ဘူလ် အစည်းအဝေးတွင် အမေရိကန်ပြည်ထောင်စုနှင့် အခြားနေတိုးအဖွဲ့ဝင် နိုင်ငံများထံမှ ဖိအားပေးမှု မျှော်လင့်ထားသလောဟု သတင်းစာ ဆရာများက မေးမြန်းရာတွင် ရှရိုးဒါးက ယင်းအစည်းအဝေးတွင် မည်သည့်ပြဿနာမျှ မရှိနိုင်ဟု မိမိ ထင်မြင်မိကြောင်း ပြောကြားသည်။

အီရတ်စစ်ပွဲအပေါ် နိုင်ငံများ၏ ရပ်တည်ချက် ပြဿနာမှာ လက်ရှိ သမိုင်းဖြစ်ရပ်အတိုင်း ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မိမိတို့က အနာဂတ်ကို မျှော်ကြည့်ပြီး အီရတ်နိုင်ငံ ဒီမိုကရေစီရှိရေးနှင့် တည်ငြိမ်မှုရှိရေးကို အားလုံးက စိတ်ဝင်စားလျက် ရှိကြကြောင်း၊ ယင်းကြောင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် အီရတ်နိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးရာတွင် ကူညီပံ့ပိုးနေခြင်းဖြစ်ကြောင်း ရှရိုးဒါးက ပြောကြားသည်။

အီရတ်နိုင်ငံမှ စစ်ဘက်အရာရှိများကို ဂျာမနီစစ်တက္ကသိုလ်များတွင် လေ့ကျင့်သင်တန်းပေးမည်ဟု ရှရိုးဒါးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အဘူဂါရိပ် ညှဉ်းပန်းနှိပ်စက်မှု ဥရောပပြည်သူများ စက်ဆုပ်ရွံရှာ

နယူးမတ်ကက်အွန်ဖာဂတ်စ်(အိုင်ယာလန်) ဇွန် ၂၈

အဘူဂါရိပ်အကျဉ်းထောင်တွင် အကျဉ်းသားများကို မတော်တရော် ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ ဥရောပပြည်သူများသည် အံ့သြထိတ်လန့်ဖြစ်ခဲ့ရသည်ဟု အိုင်ယာလန်နိုင်ငံ ဝန်ကြီးချုပ် ဘာတီအာဟန်က အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ ဒဗလျူ၊ ဘုရှ်ကို ယမန်နေ့က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတနှင့် အိုင်ယာလန်နိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံကိစ္စများကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အိုင်ယာလန်ပြည်သူများနှင့် ဥရောပနိုင်ငံများက အမေရိကန်တပ်ဖွဲ့များ ကျူးလွန်ခဲ့သည့် အီရတ်အကျဉ်းသားများအပေါ် နှိပ်စက်ကလူပြုခဲ့သည့် ဖြစ်ရပ်အပေါ် စက်ဆုပ်ရွံရှာမုန်းတီးသည့် သဘောထားကို အမေရိကန်သမ္မတ ဘုရှ်အနေဖြင့် ကောင်းစွာသဘောပေါက်၍ သိမြင်တွေ့ရှိရကြောင်း ဝန်ကြီးချုပ်အာဟန်က ပြောကြားသည်။

အီရတ်အကျဉ်းသားများကို အဘူဂါရိပ်ထောင်အတွင်း လူမဆန်စွာ နှိပ်စက်နေသော အထောက်အထား ဓာတ်ပုံများသည် ယခုနှစ်စောစောပိုင်းတွင် ထွက်ပေါ်လာသည့်အတွက် လူအများ သိရှိသွားခဲ့ခြင်းဖြစ်သည်။ အမေရိကန်တို့က အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချခဲ့သည့် စစ်ပွဲအပြီး အီရတ်ပြည်သူများ၏ ယုံကြည်ကိုးစားမှုရရှိအောင် ကြိုးပမ်းစည်းရုံးလျက်ရှိသည်။ ထိုသို့ လုပ်ဆောင်နေစဉ်တွင် အကျဉ်းသားနှိပ်စက်မှုကိစ္စ ပေါ်လာသဖြင့် အမေရိကန်တို့အတွက် အထိနာခဲ့ရသည်ဟုဆိုသည်။

ဆွေးနွေးမည်

အိုင်ယာလန်ဝန်ကြီးချုပ် အာဟန်သည် ဥရောပသမဂ္ဂအဖွဲ့၏ အလှည့်ကျ သဘာပတိအဖြစ် တာဝန်ယူထားသူဖြစ်သည်။ ၎င်းက အီးယူနှင့် အမေရိကန် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် ကျင်းပစဉ် အမေရိကန်သမ္မတကို အထက်ပါစကားများ ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ထိပ်သီးအစည်းအဝေးတွင်လည်း အကျဉ်းသားညှဉ်းပန်းမှုကိစ္စကို အရေးတကြီးကိစ္စတစ်ခုအဖြစ် ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း အာဟန်က ဆိုသည်။

အမေရိကန်သည် ဇွန် ၃၀ ရက်တွင် အီရတ်ကြားဖြတ်အစိုးရထံသို့ အချုပ်အခြာအာဏာ လွှဲပြောင်းပေးမည်ဖြစ်သည်။

ကျူးဘားနိုင်ငံတွင် ဂွာတာနာမိုဘေးရှိ အမေရိကန် အကျဉ်းစခန်းတွင် အမေရိကန်တို့က အာဖဂန်တွင် ဖမ်းဆီးမိခဲ့သော အကျဉ်းသားများကို တစ်စုံတစ်ရာ တရားစွဲဆိုခြင်းမပြုဘဲ အချိန်ကြာမြင့်စွာ ဖမ်းဆီးချုပ်နှောင်ထား ခဲ့သည်။ ထိုအကျဉ်းစခန်းတွင် ချုပ်ထားသော အကျဉ်းသားများကိစ္စနှင့် ပတ်သက်၍လည်း ဆွေးနွေးပွဲတွင် အိုင်ယာလန်ဝန်ကြီးချုပ် အာဟန်က မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်အကျဉ်းသားများကို ပြန်လွှတ်မပေးလျှင် ကန်မရိန်းတပ်ဖွဲ့ဝင်နှင့် ပါကစ္စတန်တစ်ဦးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်

ဒူဘိုင်း ဇွန် ၂၈

အီရတ်ပြောက်ကျားများသည် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦးကို အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲသွားပြီး အီရတ်နိုင်ငံသား အကျဉ်းသားများအား ပြန်လွှတ်မပေးပါက ၎င်းတို့အား သတ်ပစ်မည်ဟု ခြိမ်းခြောက်နေကြကြောင်းဖြင့် အာရပ်ရုပ်မြင်သံကြားက တနင်္ဂနွေနေ့တွင် ထုတ်လွှင့်သည်။

အမေရိကန်ဦးဆောင်သော အီရတ်နိုင်ငံ သိမ်းပိုက်ရေး အာဏာပိုင်များက အီရတ်ကြားဖြတ်အစိုးရထံသို့ အာဏာလွှဲပြောင်းပေးတော့မည်ဖြစ်ရာ ဇွန် ၃၀ ရက် မတိုင်မီ ပြည်ပနိုင်ငံသားများကို ပစ်မှတ်ထား၍ အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ပြန်ပေးဆွဲမှု ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ယင်းပြန်ပေးဆွဲမှုကို သီးခြားအုပ်စုနှစ်စုက ပြုလုပ်ခဲ့ဖွယ်ရှိသည်။

အစ္စလမ္မစ်တုံ့ပြန်လှုပ်ရှားမှုအဖွဲ့က အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးအား အမေရိကန် စစ်အခြေစိုက်စခန်းမှ သွေးဆောင် ဖြားယောင်းခဲ့ပြီးနောက် ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

မျက်စိ အဝတ်စည်းထားပြီး ကိုယ်ယောင်ဖျောက် ဝတ်စုံဝတ်ကာ ဓားကို လက်မှ ကိုင်ထားသည့် ရုပ်ပုံကို အထက်ပါ ရုပ်မြင်သံကြားက တနင်္ဂနွေနေ့တွင် ထုတ်လွှင့်ပြသသည်။ ၎င်း၏ မှတ်ပုံတင် ကတ်ပြားတွင် ဝါဆက် အလီဟတ်ဆွန်ဟု ရေးသားထားသည်။

ယင်းနာမည်မှာ မရိန်းတပ်ဖွဲ့စာရင်းတွင် မရှိကြောင်း၊ သို့ရာတွင် ၎င်းအား ဓားစာခံအဖြစ် အဖမ်းခံရသည်ကို အတည်ပြုနိုင်ခြင်းမရှိကြောင်း ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့် ရှိသူ တစ်ဦးက ပြောကြားသည်။

အမှတ်(၁) မရိန်းပြည်ပတပ်ဖွဲ့မှ လက်ဘနွန်နိုင်ငံသား မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် ဇွန် ၂၁ ရက်မှစ၍ ပျောက်ဆုံးနေကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ပေါ်ထွက်နေသည့် သတင်းများနှင့် ဆန့်ကျင်လျက် ရေတပ်ပြစ်မှုစုံစမ်းစစ်ဆေးရေးဌာနက အလီဟတ်ဆွန်အား ဓားစာခံအဖြစ် ဖမ်းသွားမှုကို အတည်ပြုနိုင်ခြင်းမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖော်ပြပါ အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စုက ၎င်းတို့၏ တောင်းဆိုမှုများကို လိုက်နာ ဖြည့်ဆည်းခြင်း မရှိပါက ဟတ်ဆွန်အား သတ်ပစ်ရန် ခြိမ်းခြောက်ထားကြောင်း၊ သို့ရာတွင် ရက်သတ်မှတ်ထားမှု မရှိကြောင်း အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၂၇ ရက်က ဘဂ္ဂဒက်မြို့ နေအိမ်တစ်အိမ်အတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု မြင့်တက် အမေရိကန်နှင့်ဗြိတိန်တို့၌ တာဝန်ရှိဟု အီရန်ဝေဖန်

တီဟီရန် ဇွန် ၂၈

အာဖဂန်နစ္စတန်နိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ထူးထူးကဲကဲ မြင့်တက်ခဲ့ခြင်းသည် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ယင်းနိုင်ငံတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းအပေါ် အာရုံစိုက်မှု မရှိခြင်းကြောင့် ဖြစ်ရကြောင်း အီရန်ရဲတပ်ဖွဲ့က စနေနေ့တွင် ပြစ်တင်ဝေဖန်လိုက်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အီရန်နိုင်ငံ မြို့တော်တီဟီရန်တွင် ကျင်းပရာ အီရန်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးသော အခမ်းအနားတွင် အီရန်လုံခြုံရေးတပ်ဖွဲ့ဝင်များက "အမေရိကန် ကျဆုံးပါစေ" ဟု ဟစ်ကြွေးခဲ့ကြသည်။

အာဖဂန်နစ္စတန်တွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု မြင့်တက်နေခြင်းနှင့်ပတ်သက်၍ အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့တွင် တာဝန်ရှိကြောင်း၊ အကြောင်းမှာ အမေရိကန်သည် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးကို တာဝန်ယူထားပြီး ဗြိတိသျှတပ်ဖွဲ့များမှာမူ အာဖဂန်နစ္စတန်နိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေခြင်းကြောင့်ဖြစ်ကြောင်း အီရန်မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ တပ်မှူး မီဒီအဘူးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်စစ်လေယာဉ် ဘဂ္ဂဒက်မှအတက် အပစ်ခံရ၊ လိုက်ပါလာသူတစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၈

ယမန်နေ့က အမေရိကန်စီ-၁၃၀ သယ်ယူပို့ဆောင်ရေးလေယာဉ်ကို ဘဂ္ဂဒက်လေဆိပ်မှအတက်တွင် သေနတ်နှင့်ပစ်ခတ်သည့်အတွက် လေယာဉ်ပေါ်ပါ ခရီးသည်တစ်ဦး အပြင်းအထန်ဒဏ်ရာရရှိသွားသည်ဟု အမေရိကန်စစ်ဘက်မှ ပြောကြားသည်။

ပစ်ခတ်ခံရသည့်အတွက် လေယာဉ်ကို သိသိသာသာ ထိခိုက်စေခြင်းမရှိသော်လည်း သေနတ်မှန်သွားသူ လူနာကို အရေးပေါ်ကုသပေးရန် ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာကွင်းသို့ လေယာဉ်ပြန်လည်ဆင်းသက်ခဲ့ရသည်။ ဒဏ်ရာရရှိသွားသူမှာ နောက်ပိုင်းတွင် သေဆုံးသွားကြောင်း ဗိုလ်မှူးချုပ် မတ်ကင်းမစ်၏ တင်ပြချက်တွင် ဖော်ပြထားသည်။

ဘဂ္ဂဒက် လေယာဉ်ကွင်းတွင် ဖြစ်ပွားသော တောင်ပံ အသေတပ်ဆင်ထားသည့် လေယာဉ်များကို ဦးတည်တိုက်ခိုက်သည့် အဖြစ်အပျက်များ အနက်ယခုတစ်ကြိမ်သည် ပထမဦးဆုံး အသေအပျောက် ဖြစ်ပေါ်စေသော တိုက်ခိုက်မှုပင် ဖြစ်သည်ဟု ဆိုသည်။

ပစ်ခတ်

ပြီးခဲ့သော ဇန်နဝါရီလအတွင်းတွင် ခရီးသည် ၆၃ ဦး သယ်ဆောင်လာသော အမေရိကန်လေတပ်မှ စီ-၅ ကုန်တင်လေယာဉ်သည် ဘဂ္ဂဒက်လေယာဉ်ကွင်းမှ အတက်တွင် မြေပြင်မှ ပစ်ခတ်သည့်အတွက် ထိမှန်သွားခဲ့သည်။ ထိုလေယာဉ်မှာ အရေးပေါ် ပြန်လည် ဆင်းသက်ခဲ့ရသော်လည်း အသေအပျောက် တစ်စုံတစ်ရာ မရှိခဲ့ပေ။

ယမန်နှစ်ကလည်း အမြန်ချောပို့ ဒီအိပ်ချ်အယ်လ် လေယာဉ်တစ်စင်းသည် ဘဂ္ဂဒက် လေယာဉ်ကွင်းမှ အတက်တွင် ထိမှန်ခံရသည့်အတွက် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဆန္ဒပြ

ဇွန် ၂၇ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြို့တွင် ကန်ယာဉ်တန်းတိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိပြီးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၈

အမေရိကန်စစ်ဘက်မှ မော်တော်ယာဉ်တန်းတစ်ခု ဘဂ္ဂဒက်မြို့လယ်တွင် တိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး ၎င်း၏ဒဏ်ရာကြောင့် သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က စနေနေ့တွင် ပြောကြားလိုက်သည်။

စတင်ကျူးကျော်

အဆိုပါ မော်တော်ယာဉ်တန်းအား မည်သည့်အချိန်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ကို ရေရေရာရာ မသိရသေးပေ။ အမေရိကန်သည် အီရတ်နိုင်ငံအတွင်း လွန်ခဲ့သည့် မတ်လက စတင်ကျူးကျော်ခဲ့သည်။

တိုက်ခိုက်ခံနေရ

အမေရိကန် မော်တော်ယာဉ်တန်းများသည် ဘဂ္ဂဒက်မြို့ တစ်ဝိုက်တွင် ပုံမှန်အားဖြင့် အတိုက်ခိုက်ခံနေရကာ တစ်ခါတစ်ရံတွင် ဒုံးပစ်လောင်ချာနှင့် ရိုင်ဖယ်သေနတ်များ အသုံးပြု၍အတိုက်ခံရသည်။ သို့ရာတွင် အများအားဖြင့် အိမ်လုပ်ဗုံးဟုခေါ်သော လမ်းဘေးထောင်သည့်ဗုံးများဖြင့် အတိုက်ခိုက်ခံရသည်။

စဉ်ဆက်မပြတ်

အီရတ်အစိုးရသို့ ဇွန် ၃၀ ရက်တွင် အာဏာလွှဲပြောင်းပေးမှုမရှိမီ တိုက်ခိုက်မှုများ တိုးမြင့်လာနိုင်ဖွယ် ရှိကြောင်း အမေရိကန်စစ်ဘက်က မျှော်လင့်ထားသည်။ အီရတ်နိုင်ငံရှိ မြို့ငါးမြို့တွင် ကြာသပတေးနေ့က တိုက်ခိုက်မှု စဉ်ဆက်မပြတ် ဖြစ်ပွားခဲ့ရာ လူ ၁၀၀ ခန့် သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘာကူဘာမြို့ရှိအီရတ်ဝန်ကြီးချုပ်၏နိုင်ငံရေးပါတီဌာနချုပ်အား အီရတ် ခုခံတိုက်ခိုက်ရေးသမားများ ဖောက်ခွဲဖျက်ဆီး

ဘာကူဘာ (အီရတ်) ဇွန် ၂၇

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် ဘာကူဘာမြို့ရှိ အီရတ်ဝန်ကြီးချုပ် အလာဝီ၏ နိုင်ငံရေးပါတီရုံးချုပ်ကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်ပြီး ဘာကူဘာမြို့ရှိ ရှီးယိုက်တို့၏ အဓိကနိုင်ငံရေးပါတီ၏ ရုံးများကိုလည်း အပြင်းအထန်တိုက်ခိုက်ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ဇွန် ၂၇ ရက်က ဘဂ္ဂဒက်မြို့ရှိ ကင်းစခန်းတစ်ခုတွင် သံဆူးကြိုးအတားအဆီးများ တပ်ဆင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ထိပ်တန်း ကာ့ဒ်နိုင်ငံရေးသမားတစ်ဦးကို ပစ်မှတ်ထားသည့် ကားဗုံးပေါက်ကွဲချိန် တစ်ချိန်တည်းလိုလိုခန့်တွင် ဖြစ်ပွားသည့် အဆိုပါ ဖောက်ခွဲတိုက်ခိုက်မှုများသည် အီရတ်နိုင်ငံ မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ပုံရသည်။

ပျက်စီးခဲ့

အီရတ်အမျိုးသားသဘောတူညီမှု ပါတီ၏ရုံးများ တည်ရှိသည့် အဆောက်အအုံတစ်ခု၏ တတိယထပ်သည် ပျက်စီးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးကပြောကြားသည်။ အဆိုပါ ပါတီမှာ အလာဝီ၏ နိုင်ငံရေးပါတီဖြစ်သည်။

နေရာယူထား

လွန်ခဲ့သည့်နှစ်ရက်က ရဲစခန်းကို အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည့် ဘာကူဘာမြို့တွင် အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် အမေရိကန် တပ်ဖွဲ့ဝင်များသည် ရဲစခန်းနှင့် အမျိုးသား အစောင့်တပ်ဖွဲ့စခန်းများကဲ့သို့သော အများနှင့်ဆိုင်သည့် အဆောက်အအုံများ၏ အပြင်ဘက်တွင်နေရာယူထားကြသည်။

ဘာကူဘာမြို့တွင်ပင် နံနက်ပိုင်းက အသေခံ ဗုံးဖောက်ခွဲသူတစ်ဦးဖြစ်နိုင်သူအပါအဝင် လက်နက်ကိုင် အမျိုးသားလေးဦးသည် အီရတ်အစ္စလမ္မစ်တော်လှန်ရေးဦးစီးကောင်စီ၏ ဘာကူဘာမြို့ဌာနချုပ်အား စီးနင်းဝင်ရောက်တိုက်ခိုက်ရာ လူလေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြသည်။

အသေခံတိုက်ခိုက်သူမှာ အီရတ် ခုခံတိုက်ခိုက်ရေးသမားများထဲမှ တစ်ဦးဖြစ်ကြောင်း အဆိုပါကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ အစောင့်တပ်များသည် အသေခံဗုံးခွဲသူက ၎င်းကိုယ်၎င်း မဖောက်ခွဲမီ ၎င်းကို ပစ်သတ်ခဲ့သည်။

စောင့်ကြပ်နေ

ဘာကူဘာမြို့ရှိ နိုင်ငံရေးပါတီရုံးများ၏ အစောင့်များသည် ပါတီရုံးများ ပတ်ပတ်လည်တွင် စောင့်ကြပ်နေပြီး အဆောက်အအုံများ၏ ခေါင်မိုးပေါ်မှ ကြည့်ရှုလေ့လာကာ မြို့ဆီသို့လာရာလမ်းများကို ပိတ်ဆို့ခဲ့ကြသည်။ ***အင်တာနက်။***

အီရတ်ကို ကျူးကျော်မှု မှားယွင်းကြောင်း ပြောကြား

အော်လန်ဒို(ဖလော်ရီဒါ) ဇွန် ၂၈

အီရတ်နိုင်ငံအား ဝင်ရောက်ကျူးကျော်မှုသည် ကြီးမားသည့် မှားယွင်းမှုပင်ဖြစ်ပြီး အယ်လ်ခိုင်ဒါအုပ်စုကို အင်အားတောင့်တင်းခိုင်မာစေပြီး အကြမ်းဖက်သမားများ၏ မျိုးဆက်သစ်ကို မွေးထုတ်ပေးရာရောက်ကြောင်း အမေရိကန်အိမ်ဖြူမှ အကြမ်းဖက် တိုက်ဖျက်ရေး အကြီးအကဲ ရစ်ချတ်ကလပ်က စနေနေ့တွင် ပြောကြားသည်။

သမ္မတလေးဆက်တိုင်တိုင် အကြံပေးပုဂ္ဂိုလ်ဖြစ်ခဲ့သူ ကလပ်သည် ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့၌ အမေရိကန်စာကြည့်တိုက်အသင်း၏ နှစ်ပတ်လည်ညီလာခံတွင် ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်။

မည်သည့်နည်းနှင့်မျှ မိမိတို့အား ခြိမ်းခြောက်အန္တရာယ်ပြုနိုင်ခြင်း မရှိသော ရေနံပေါကြွယ်ဝသည့် အာရပ်နိုင်ငံတစ်နိုင်ငံဖြစ်သော အီရတ်နိုင်ငံအား အမေရိကန်က ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းကြောင့် ပေါ်ပေါက်သည့် မုန်းတီးမှုပင် မျိုးဆက်ပေါင်း များစွာ ကြာမြင့်လိမ့်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

စီးပွားရေး အရေးယူမှု ဆက်လက်ပြုလုပ်မည့် ကန်အစီအစဉ် ကျူးဘားနိုင်ငံသား ထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြ

ဟာဗားနား ဇွန် ၂၈

အမေရိကန်ပြည်ထောင်စုက ကျူးဘားနိုင်ငံအပေါ် စီးပွားရေး အရေးယူမှု တိုးမြင့်ပြုလုပ်မည့် အစီအစဉ်များကို မေ ၆ရက်က ချမှတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ဆန္ဒပြရန် ကျူးဘားနိုင်ငံသား ၁၀၀၀၀ကျော်သည် နိုင်ငံအလယ်ပိုင်း ဆန်တီစပရစ်တပ်ဂျာတီဆွန်နီတို ပြည်နယ်တွင် စနေနေ့က စုဝေးခဲ့ကြသည်။ အမေရိကန်သည် ကျူးဘားနိုင်ငံအား နှစ်ပေါင်း ၄၀ကျော်မျှ စီးပွားရေး အရေးယူမှုများကို တစ်ဖက်သတ်ပြုလုပ်လာခဲ့ပြီး စီးပွားရေးအရေးယူမှု ဆက်လက်ပြုလုပ်သွားရန် ဆုံးဖြတ်ခဲ့မှုအတွက် ကျူးဘားနိုင်ငံသားများက စုဝေးဆန္ဒပြကြခြင်းဖြစ်သည်။

အမေရိကန်ရှိ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများက ကျူးဘားနိုင်ငံရှိ ၎င်းတို့၏ မိသားစုများထံသို့ ငွေကြေးများလွှဲပြောင်းပေးမှု လျှော့ချနိုင်စေရန်လည်းကောင်း၊ ကျူးဘားနိုင်ငံ၏ အမျိုးသားစီးပွားရေး ကျဆင်းမှု ဖြစ်ပေါ်စေရန်လည်းကောင်း၊ ကျူးဘားနိုင်ငံတွင် ပုန်ကန်ခြားနားမှုများ ဖြစ်ပေါ်လာစေရန်လည်းကောင်း အစီအစဉ်များ ရေးဆွဲချမှတ်လုပ်ဆောင်နိုင်ရေးအတွက် ဒေါ်လာ ၅၉သန်း ထုတ်ပေးသွားရန် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ် အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ ကျူးကျော်တိုက်ခိုက်သော အင်အားကြီးနိုင်ငံတစ်နိုင်ငံက မိမိတို့၏နိုင်ငံကို မည်သည့်အခါတွင်မျှ အောင်မြင်အောင် တိုက်ခိုက်နိုင်မည်မဟုတ်ဆိုသော ကျူးဘားသမ္မတ ဖီဒယ်ကက်စထရို၏ ပြောကြားချက်ကို ဆန္ဒပြသမားများက ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

❁ နိုင်ငံတော်မှ

တည်ဆောက်ခြင်းလုပ်ငန်း၊ တိုင်များ ကွန်ကရစ်လောင်းခြင်းအပါအဝင် ဘိုးပိုင်လုပ်ငန်းများ၊ ရေ၊ မီး၊ မိလ္လာစနစ်များအတွက် ပြင်ဆင်ထားမှု၊ ကားရပ်နားရန်နေရာ တည်ဆောက်ရန် စီစဉ်ထားမှု၊ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားရန်နေရာ တိုးချဲ့ခြင်းအပါအဝင် နိုင်ငံတကာလေဆိပ်အဆင့်နှင့်အညီ ဝန်ဆောင်မှုပေးရေး အစီအမံများကို ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မူလစီမံကိန်းရည်မှန်းချက်ပါကာလအတိုင်း ပြီးစီးရေးအတွက် မိုးရာသီကာလ လုပ်ကိုင်နိုင်သည့်အပိုင်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လုပ်ငန်းခွင်အတွင်း ပင်မအဆောက်အအုံတိုင်များ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ဓာတ်အားခွဲရုံအဆောက်အအုံနှင့် ဘိုးပိုင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ လမ်းမတော် ကမ်းနားဒေသ စဉ့်အိုးတန်းဆိပ်ကမ်းမှ ဝါးတန်းဆိပ်ကမ်းအထိ လမ်းတစ်လျှောက် နိုင်လွန်ကတ္တရာခင်းပြီးစီးမှု၊ လူသွားစင်္ကြံများ တည်ဆောက်ပြီးစီးမှု၊ အုန်းပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှု၊ အပန်းဖြေခုံတန်းများ တည်ဆောက်ထားမှု အပါအဝင် ကမ်းနားဒေသတစ်လျှောက် အဆင့်မြှင့်မွမ်းမံထားမှုများကိုလည်းကောင်း၊ အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်များရှိ ကမ်းနားလမ်းကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်မည့် ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

❒ အမျိုးသားညီလာခံမှ

ညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများသည် တပ်မတော် ထောက်လှမ်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ လိုက်ပါ၍ နံနက် ၈နာရီ မိနစ် ၄၀ တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမသို့ ရောက်ရှိလာကြရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများသည် ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြခြင်းကို လေ့လာကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ရောက်ရှိလာရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများသည် ပြည်ထောင်စုခန်းမရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံမေးမြန်း

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့ နာယက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူး၊ ပါကစ္စတန်နိုင်ငံ စစ်သံမှူးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံစစ်သံမှူးတို့သည်ပြည်ထောင်စုခန်းမရှေ့၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-3 က အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအား အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်က ညောင်နှစ်ပင်စခန်း အနော်ရထာ ရိပ်သာရှိ စားရိပ်သာ၌ နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများသည် အမျိုးသားညီလာခံ ကျင်းပလျက်ရှိသည့် ညောင်နှစ်ပင်စခန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြပြီး နံနက်ပိုင်းတွင် ညောင်နှစ်ပင်စခန်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ် ပို့ကုန်ပစ္စည်းပြပွဲ–၂၀၀၄ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ် ပြည်ပပို့ကုန်ပစ္စည်းပြပွဲ–၂၀၀၄ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးရှိ ရန်ကုန်ကုန်သွယ်မှုဇာတိုဌာန၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး–သံရုံးယာယီတာဝန်ခံ Mr. Yu Boren နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဇာတိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ်တို့မှ ကုန်သွယ်မှုတိုးမြှင့်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန် ကုန်သွယ်မှု ဇာတိုဌာန အဆောက်အအုံ၏ ပထမထပ်၌ ကျင်းပရာ ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆီချွမ်ပြည်နယ် ကုန်သွယ်မှုတိုးမြှင့်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာချွေးလျန်ပင်းက ပြည်ပပို့ကုန်ပစ္စည်းပြပွဲ ခင်းကျင်းပြသရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး–သံရုံးယာယီတာဝန်ခံ Mr. Yu Boren က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး–သံရုံးယာယီတာဝန်ခံ Mr. Yu Boren၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့ ကုန်သွယ်မှု တိုးမြှင့်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Mr. Zuo Zhong Hua နှင့် ဆီချွမ်ပြည်နယ် ကုန်သွယ်မှု တိုးမြှင့်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Mr. Chui Lianbin တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ် ပြည်ပပို့ကုန်ပစ္စည်းပြပွဲ– ၂၀၀၄ ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ် ပြည်ပပို့ကုန်ပစ္စည်း–၂၀၀၄ ပြပွဲတွင် မီးရထားစက်ခေါင်းနှင့် ရထားတွဲများ၊ မော်တော်ဆိုင်ကယ်၊ ကုန်တင်ကား၊ လယ်ယာသုံးယာဉ်အမျိုးမျိုးနှင့် ယင်းတို့၏ စက်ကိရိယာအစိတ်အပိုင်းများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊ စက်ယန္တရားကိရိယာများ၊ စက္ကူစက်ယန္တရားများ၊ စက္ကူစက်ကိရိယာ တန်ဆာပလာများ၊ ရက်ကန်းစက်များ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ လျှပ်စစ်နန်းကြိုးများ၊ ဆေးပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ လယ်ယာထုတ်ကုန်ပစ္စည်းများနှင့် လယ်ယာသုံးပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများကို ပြခန်းပေါင်း ၄၃ ခုတို့ဖြင့် ခမ်းနားစွာ ခင်းကျင်းပြသထားသည်။

အဆိုပါပြပွဲကို ယနေ့မှ ဇူလိုင် ၁ ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၅နာရီအတွင်း ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ကြည့်ရှု လေ့လာဝယ်ယူအားပေးနိုင်သည်။

(သတင်းစဉ်)

မူးယစ်ဆေးတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက၊ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားပြီးနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘကြည်က ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်ဥပဒေအရာရှိ ဦးရှုအောင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း၊ ပြည်နယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် ဆေးစွဲမှုအန္တရာယ်များအကြောင်းကိုလည်းကောင်း၊ မိုင်းဖြတ်ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးက မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အထိမ်းအမှတ်အခမ်းအနား အကြိုအဖြစ်ကျင်းပသည့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူ ၃၃ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ချင်းရွာကြီးကျေးရွာအနီးရှိ ခဝါချောင်းပေါ်တွင်တည်ဆောက်ထားပြီး လယ်မြေဧက ၂၀၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ခဝါရေလှောင်တမံကို တွေ့ရစဉ်။ (ဓာတ်ပုံ–သတင်းစဉ်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်ရှိ နောင်တယ်တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဤသို့ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည်။ (ဓာတ်ပုံ–နယ်စပ်/စည်ပင်)

ပဲခူးတိုင်း ညောင်လေးပင်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အနော်ရထာလမ်းအား အဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ–မြို့နယ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကလေး – မုံရွာကားလမ်းပေါ်တွင် တည်ဆောက်ထားသည့် ပေ ၁၃၂၀ ရှည် မြစ်သာတံတား(ကလေးဝ)ကို တွေ့ရစဉ်။ (ဓာတ်ပုံ–သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် စည်ပင်သာယာရေးအရာရှိများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ မှာကြားစဉ်။ (သတင်းစဉ်)

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ကျေးလက်လမ်း မိုင် ၁၂၄၀ ကျော်နှင့် ကျေးရွာပေါင်း ၁၀၆၀၂ ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိ

❖ မြို့ပြနှင့်ကျေးလက်မှ

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြင်းပြသောအာသီသဖြင့် တစ်မျိုးသားလုံးက လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလိုအချိန်ကာလမျိုးတွင် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ထမ်းဆောင်နေကြသည့် စည်ပင်သာယာရေးအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယခုလို ကျင်းပနိုင်ခြင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် လက်တွေ့ကျသည့်အစီအမံများ၊ ခိုင်မာသော အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ထားပါကြောင်း ပထမဦးစွာပြောကြားလိုကြောင်း။

တစ်မျိုးသားလုံးက မျှော်လင့်တောင့်တနေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးသည် နိုင်ငံတော်၏ အခြေခံအကျဆုံးဒေသများဖြစ်သည့် မြို့ရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖြန့်ကြက်တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများကပါ ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လျက်ရှိသည်ဟု စည်ပင်သာယာရေးအရာရှိတိုင်းက ခံယူထားကြရန် ပြောကြားလိုကြောင်း။

အတင်းသွတ်သွင်း

ယနေ့နိုင်ငံတကာမျက်နှာစာမှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးအချို့သည် ကမ္ဘာ့နိုင်ငံများအကြားတည်ရှိနေပြီးဖြစ်သည့် ဆင်းရဲချမ်းသာကွာဟမှု၊ ဓနအင်အားနှင့် နည်းပညာကွာခြားမှု၊ ဖွံ့ဖြိုးမှုအရှိန်အဟုန် ကွာခြားမှုတို့ကို ပိုမိုကျယ်ပြန့်နက်ရှိုင်းလာအောင် စီမံဖန်တီးရင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်လို ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှမ်းမိုးခြယ်လှယ်လိုမှုဖြင့် ဖိအားပေးအကျပ်ကိုင်မှုအမျိုးမျိုး၊ ခွဲခြားဆက်ဆံမှုအသွယ်သွယ်ဖြင့် သူတို့၏ဩဇာအာဏာလောင်းရိပ်အောက်ကို ရောက်ရှိအောင် အတင်းသွတ်သွင်းနိုင်ဖို့ ကြိုးစားလုပ်ဆောင်နေကြတာတွေ ကြုံတွေ့နေရကြောင်း။

ယခုလိုအခြေအနေအချိန်အခါမျိုးတွင် မိမိတို့၏ကိုယ်ပိုင်စွမ်းအားဖြင့်သာ မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့ကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံကြီးအချို့၏ ဩဇာအာဏာလောင်းရိပ်အောက်ကျဆင်းရောက်ရှိမည့်အန္တရာယ်ကကင်းဝေးပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများလည်း ပိုမိုခိုင်မာတောင့်တင်းလာမှာဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါမှာ မိမိနိုင်ငံ၊ မိမိလူမျိုး ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်မြင့်မားခဲ့ထည်စေရအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ ထည်ဝါခိုင်ခံ့မှု၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုတို့ကို ခိုင်မာသည်ထက် ခိုင်မာစေရအောင် ကြိုးပမ်းတည်ဆောက်နေခြင်းလည်းဖြစ်သည်ဟု ခံယူထားကြရမှာဖြစ်ကြောင်း။

အလားတူပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ရှေးအစဉ်အဆက် သမိုင်းနှင့်ချီပြီး ပြည်နယ်နှင့်တိုင်း ၁၄ ခုဖြင့် ဖွဲ့စည်းဖြစ်တည်နေသလို ထိုပြည်နယ်နှင့်တိုင်း ၁၄ခုမှာလည်း တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်သည် ပေါင်းစည်းယှက်နွယ်ပြီး ပြည်ထောင်စုလေးများသဖွယ် ဖြန့်ကြက်နေထိုင်လျက်ရှိသည့်အားလျော်စွာ ပြည်နယ်နှင့်တိုင်းဒေသများအားလုံး ဟန်ချက်ညီညီ မျှမျှတတ တိုးတက်ဖြစ်ထွန်းစေရအောင် အလေးထားစီမံဆောင်ရွက်ရင်း ပြည်ထောင်စုကြီးတစ်ရပ်လုံးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မှသာလျှင် စည်းလုံးညီညွတ်သော၊ ခိုင်မာတောင့်တင်းသော ပြည်ထောင်စုကြီးအဖြစ် ခံ့ညားထည်ဝါစွာ အစဉ်ထာဝရ ရပ်တည်နိုင်မှာဖြစ်ကြောင်း။

ဤသဘောထားခံယူချက်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစွမ်းအား၊ အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာမှုစွမ်းအား၊ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်စွမ်းအား၊ အထူးသဖြင့် ပြည်ထောင်စုကြီး၏ အရေးအပါဆုံးဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားတို့ကို အခိုင်အမာတည်ဆောက်ထားနိုင်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများကို စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မိန့်ကြားခဲ့

ယခုလိုကြိုးပမ်းဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခု ဇွန်လအတွင်း ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားမှာ ဩဝါဒစကား မြွက်ကြားရာမှာ-

"ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးမှာ နိုင်ငံတော် တည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်ရေးတို့ဟာ အခြေခံလိုအပ်ချက်များဖြစ်တယ်၊ ဒါကြောင့် နိုင်ငံတော်ရဲ့ လက်ရှိကာလဟာ ခေတ်မီနိုင်ငံတော်သစ်အတွက် ဖွံ့ဖြိုးရေးတည်ဆောက်မှုကာလကို ဖြတ်သန်းနေရတာဖြစ်တယ်၊ အခြေခံအဆောက်အအုံတောင့်တင်းခိုင်မာမှသာ အမျိုးသားစီးပွားရေးဘဝကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်တယ်။"

"နိုင်ငံတော်အစိုးရရဲ့ ဖွံ့ဖြိုးရေးအခြေခံမူဟာ နိုင်ငံတစ်ဝန်းလုံးညီမျှတဲ့ ဖွံ့ဖြိုးရေးကိုရှေးရှုထားတယ်၊ ဒါကြောင့်လည်း တစ်နိုင်ငံလုံးမှာ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး အခြေခံ လိုအပ်ချက်များကိုတည်ဆောက်လျက်ရှိတယ်၊ နိုင်ငံတော်ရဲ့ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသရဲ့ အခြေခံလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းဆောင်ရွက်လျက်ရှိတယ်"

လို့ မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံပြီး ဖွံ့ဖြိုးမှုဆိုင်ရာအခြေခံ အဆောက်အအုံများ ဖြစ်ထွန်းလာစေရအောင်၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရအောင် နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်စီမံကိန်းများ စနစ်တကျချိတ်ဆက်ပေါင်းစပ်ပြီး အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးအတွက် စည်ပင်သာယာရေးအရာရှိများအားလုံးက မိမိတို့၏ ပင်မလုပ်ငန်းတာဝန်များဖြစ်သည့် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဆက်စပ်ပြီး အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အံဝင်ခွင်ကျ

အမှန်တကယ်အားဖြင့်လည်း စည်ပင်သာယာရေးအရာရှိများ၏ ပင်မလုပ်ငန်းတာဝန်များဖြစ်သည့် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် အထူးဒေသကြီး ၂၄ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်တို့မှာ ယှဉ်တွဲပါဝင်ထားပြီးလည်းဖြစ်သည့်အတွက် ဤဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၏မူဘောင်အတွင်းမှာ မိမိတို့၏ ပင်မလုပ်ငန်းများကို အံဝင်ခွင်ကျချိတ်ဆက်ပြီး အထူးပြု ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အထူးသဖြင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီးငါးရပ်မှာ ပါဝင်သည့် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသသောက်သုံးရေ ဖူလုံစွာရရှိရေးလုပ်ငန်းများကို မိမိတို့၏ အဓိကလုပ်ငန်းများအဖြစ် အလေးထားထမ်းဆောင်ကြဖို့ တာဝန်များပေးအပ်ထားပြီးဖြစ်ကြောင်း။

စည်ပင်သာယာရေးဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ အထိ နှစ် ၃၀ နှစ်ရှည်စီမံကိန်းတစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ပြီးခဲ့သည့်နှစ် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေဖြင့် ကျေးလက်လမ်းလုပ်ငန်းအတွက် ငွေကျပ် ၁၀၀၂ ဒသမ ၄၅ သန်း၊ တံတားလုပ်ငန်းအတွက် ငွေကျပ် ၁၀၀ ဒသမ ၉၅ သန်းကျခံသုံးစွဲခဲ့ပြီး ကျေးလက်လမ်း မိုင် ၁၂၄၀ကျော်နှင့် ကျေးလက်တံတားပေါင်း ၂၀၆ စင်း တည်ဆောက်ပြုပြင်ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရကြောင်း။

သောက်သုံးရေရရှိရေး

ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းများကိုကြည့်လျှင်လည်း ၂၀၀၀-၂၀၀၁ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ၁၀နှစ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ပြီးခဲ့သည့်နှစ်အတွင်း စည်ပင်ရန်ပုံငွေ ကျပ် ၆၈၁ ဒသမ ၉၄သန်းသုံးစွဲပြီး အပူပိုင်းဒေသတိုင်းသုံးတိုင်းက ကျေးရွာ ၉၆၄ရွာနှင့် ကျန်ပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၈၇၅ ရွာ၊ စုစုပေါင်း ကျေးရွာ ၁၈၃၉ရွာမှာ သောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့တာ တွေ့ရကြောင်း။

ကျေးလက်ဒေသသန့်ရှင်းသော ရေရရှိရေးလုပ်ငန်းများမှာ စေတနာရှင် အလှူရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို အားပေးဆောင်ရွက်နေသည့်အတွက် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေ ကျပ် ၈၁၂ ဒသမ ၁၈ သန်း၊ အမေရိကန်ဒေါ်လာ ၆၇၇၂၂ဒေါ်လာ၊ အက်ဖ်အီးစီ ၁၀၀၁၂ နှင့် ယူရိုငွေ၂၇၀ ရရှိခဲ့ပြီး ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်ထိကျေးရွာ ၁၀၆၀၂ရွာမှာ သန့်ရှင်းသောရေရရှိရေးလုပ်ငန်းပေါင်း ၁၃၃၈၈ခုကို ထိုလှူဒါန်းငွေများဖြင့် ဆောင်ရွက်နိုင်ခဲ့တာ တွေ့ရကြောင်း။

ထို့ကြောင့် ၂၀၀၀-၂၀၀၁မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များရန်ပုံငွေ၊ ပြည်တွင်းပြည်ပ အလှူရှင်

သာစုခေါ်သံများ

☆ ကျေးလက်များဖွံ့ဖြိုး၊ ပွားတိုးသည့်လူမှု
အခြေပြုစီးပွား၊ ခံ့ညားထည်ဝါလှ
သာသနာ့အမွေခံ၊ စည်ဖြောသံဝေဆာ
တို့ရွာကလူထု၊ ရှင်ပြုလိုက်ကြသေး။

☆ စိုက်ပျိုးမှုအဖုံဖုံ၊ ဖူလုံလို့ပိုဝမ်းစာ
ကြိုက်ရာရွေးကာစိုက်၊ ဈေးလိုက်လို့ထမြောက်
နွေပေါက်လို့စပါးပေါ်၊ မနော်ဟရီမိုးကာလ
ပျိုးချကာ တစ်ပြန်စိုက်၊ တိုက်ဆောက်လိုက်ကြသေး။

☆ လမ်းတကာပြင်ကြ၊ သွင်သွင်ကျမြစ်အစင်း
တံတားခင်းအလုံးစုံ၊ ခရီးကြုံပြည်တစ်ခွင်
လာချင်လျှင်အနီးလေး၊ ကျန်းမာရေးအထူးနော်
အရေးပေါ်ကုသက၊ ဘာမျှအချိန်မကြာ
တို့ရွာကလူထု၊ သာစုခေါ်လိုက်ကြသေး။

☆ ဖွံ့ဖြိုးရေးငါးရပ်၊ နှံ့စပ်အောင်လုပ်ကာ
ပညာရှာမြို့မတက်၊ ကွာဟချက်ကျဉ်းကာ
မီဒီယာသင်လို့ကြား၊ မိဘများစိတ်ချမ်းသာ
တို့ရွာကလူထု၊ သာစုခေါ်လိုက်ကြသေး။

☆ တာတမံဆည်ဆောက်၊ ရေသောက်လယ်ယာမြေ
ဝင်ရေမလေလွင့်၊ အဆင်သင့်ရေတံခါး
စပါးနှင့်သီးနှံစုံ၊ ထွက်ကုန်တိုးလို့ဝေ
မြစ်ရေတင်မော်တာစက်၊ ယခင်ထက်ထမ်းပိုးသာ
တို့ရွာကလူထု၊ သာစုခေါ်လိုက်ကြသေး။ ။

ကျော်တင့်

များ ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်း များမှ ပါဝင်ဆောင်ရွက်မှု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်မှု တို့ အပါအဝင် ကျေးရွာပေါင်း ၁၀၆၀၂ရွာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းပေါင်း ၁၅၇၁၅ခု ဆောင်ရွက်ပြီးစီးတာကို တွေ့ရကြောင်း။

စီမံကိန်းလျာထားချက်အရ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးရမည့် ကျေးရွာပေါင်း ၂၃၂၂၅ရွာ ရှိသည့်အတွက် ကျေးရွာ ၁၂၆၂၃ရွာမှာ ရေရရှိအောင်ဆောင်ရွက်ပေးရန် ကျန်နေသေးတာကြောင့် ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အခြေခံအကျဆုံးလိုအပ်ချက်

အမှန်တကယ်အားဖြင့် မြို့ပြနှင့် ကျေးလက်များဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး ဖြစ်သလို မြို့ပြနှင့် ကျေးလက်များပါဝင်သော မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးရေး လုပ်ငန်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ကြောင်း။

မြို့ရွာများသန့်ရှင်းသပ်ရပ်သာယာစေရေး၊ မြို့နှင့်ရွာများ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းစေရေး၊ ခရီးလမ်းပန်းဆက်သွယ်မှုလွယ်ကူစေရေး၊ ကုန်စည် ထုတ်လုပ်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရေး၊ ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထု စိတ်လက်ကြည်သာစွာ အပန်းဖြေအနားယူနိုင်စေရေးလုပ်ငန်းများကို မိမိတို့ နယ်မြေဒေသလိုအပ်ချက်များအလိုက် စနစ်တကျ စီမံချမှတ်ဆောင်ရွက်သွားကြ ရမှာဖြစ်ကြောင်း။

လုပ်ငန်းရပ်တစ်ခုချင်းအနေဖြင့် ကြည့်လျှင်လည်း မိမိတာဝန်ယူရသည့် မြို့ကို မြို့အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံစေရအောင်၊ သန့်ရှင်းသပ်ရပ်စိမ်းလန်း စိုပြည်သာယာပြီး နေချင့်စဖွယ်ဖြစ်အောင်၊ ကျန်းမာရေးနှင့် ညီညွတ်သော

...၂၄၀ ကျော်နှင့် ကျေးလက်တံတား ၂၀၆ စင်း တည်ဆောက်ပြုပြင်ခဲ့
...က်သုံးရေရရှိရေးလုပ်ငန်းပေါင်း ၁၅၇၁၅ ခု ဆောင်ရွက်ပြီးစီး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေး အဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ခင်းကျင်း ပြသထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးဆုရ မြို့နယ်များ၊ မြို့သာယာလှပရေး အကောင်းဆုံးဆုရ မြို့နယ်များနှင့် အကောင်းဆုံး စံပြဆုရ မြို့နယ်များ၏ မှတ်တမ်းဓာတ်ပုံများ၊ အပူပိုင်းဒေသရေရရှိရေး စီမံကိန်း၊ ကျေးလက်အိမ်ရာစီမံကိန်း၊ ခရိုင်ချင်းဆက် လမ်းဖောက်လုပ်မှု စီမံကိန်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းနေအောင် ဈေးများ၊ စာသင်ကျောင်းများ၊ အပန်းဖြေဥယျာဉ်ပန်းခြံများ၊ အားကစားကွင်းများအပါအဝင် ပြည်သူလူထု အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ စနစ်တကျဖြစ်ထွန်းနေစေရ အောင် မြို့ရေပေးဝေရေး၊ လျှပ်စစ်မီးဖြန့်ဖြူးရေးစသော ပြည်သူများအတွက် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်စေရအောင် အမြဲမပြတ် လေ့လာ သုံးသပ်တီထွင်ကြံဆပြီး ဝီရိယအားနှင့် စေတနာအား ပေါင်းစပ်ကြိုးပမ်း ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ခြိုးခြံချွေတာ

အထူးသဖြင့် မြို့ရွာဖွံ့ဖြိုးရေးဆောင်ရွက်နိုင်စေရန် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများအပြည့်အဝရရှိစေရန်၊ တစ်ချိန်တည်းမှာပင် ပြည်သူများအပေါ် မလိုအပ်ဘဲ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ရရှိသောအခွန်ဘဏ္ဍာကို အလေအလွင့် မရှိ ခြိုးခြံချွေတာသုံးစွဲပြီး ပြည်သူအများအတွက် ထိုက်တန်သော မြို့ရွာ ဖွံ့ဖြိုးမှုအခြေခံလိုအပ်ချက်များ ပြန်လည်တည်ဆောက်ပေးနိုင်စေရန် အလေး ဂရုပြုဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပြည်သူများထံမှရရှိသော အခွန်ဘဏ္ဍာငွေနှင့် နိုင်ငံတော်၏ဘဏ္ဍာငွေကို သုံးစွဲပြီး ပြည်သူများအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို ပြန်လည် ဆောင်ရွက်ပေးရသည့် သဘောတရားကို မေ့ပျောက်မသွားဖို့ မှာကြားလို ကြောင်း၊ ထို့ကြောင့် ပြည်သူများနှင့် အမြဲမပြတ်ထိတွေ့ပြီး ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်ကို သိမြင်ဖြည့်ဆည်းနိုင်စေရန် မိမိတို့ မြို့ရွာဖွံ့ဖြိုးရေး စီမံကိန်း(Town Plan)နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရင်း ပြည်သူများ၏ လိုအပ်ချက်များနှင့်ကိုက်ညီစေရန် ပြည်သူများအပေါ် စေတနာရှေ့ထား စီမံဆောင်ရွက်သွားမှသာ ပြည်သူအများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် အကောင်အထည် ဖော်နိုင်မှာဖြစ်ကြောင်း။

ဤသဘောတရားကို သိမြင်နားလည်ပြီး ပြည်သူ့အကျိုးကို ရှေးရှုလျက် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်နိုင်မည်ဆိုလျှင် စည်ပင်သာယာရေးလုပ်ငန်းတာဝန်များသည် များစွာမွန်မြတ်သော ပြည်သူ့ အကျိုးပြုလုပ်ငန်းများဖြစ်သည်ကို ပြည်သူအများကပါ နားလည်သဘောပေါက် ကာ မိမိတို့၏လုပ်ငန်းများမှာ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်လာကြ မှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိမြို့ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဘဝတိုးတက် ခိုင်မာရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးနှင့် စိတ်အေးချမ်းမြေ့စွာနေထိုင်နိုင်ရေး အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေ ရအောင် မိမိတို့၏ ဌာနဆိုင်ရာတာဝန်များကို အမျိုးသားရေးတာဝန်များ၊ ပြည်သူ့အကျိုးပြု တာဝန်များအဖြစ်ခံယူပြီး စိတ်ကောင်းစေတနာမွန်တို့ဖြင့် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ–

– **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာ့အလယ်မှာ တင့်တင့် တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးရှေးရှုပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းစေရေးအတွက် စီမံချမှတ် ဆောင်ရွက်နေသော နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းကြီးများ အောင်မြင်ဖြစ်ထွန်းစေရအောင် ဝီရိယနှင့် စေတနာအားပေါင်းစပ်ပြီး တာဝန်ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**

– **ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေခြင်း အားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စု စိတ်ဓာတ်တို့ ပိုမိုတိုးပွားခိုင်ခံ့စေရေးဦးတည်ပြီး မြို့ရွာများ ဖွံ့ဖြိုး တိုးတက်စေရအောင် စည်ပင်သာယာရေးလုပ်ငန်းများဖြင့် အထောက် အကူပြုပေးကြပါ။**

– **မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းသွားစေရေး အတွက်သော်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေရေးအတွက်လည်းကောင်း စည်ပင်သာယာရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရင်း အမျိုးသားရေး တာဝန်ကျေပွန်ကြပါ**

ဟု တိုက်တွန်းမှာကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆု ပထမရရှိသည့် ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင် အရာရှိ ဦးကြည်တင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆု ဒုတိယရရှိသည့် ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆု တတိယရရှိသည့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်ကျော်ငြိမ်းတို့အားလည်းကောင်း၊ မြို့သာယာလှပရေးအကောင်းဆုံး မြို့နယ်ဆု ပထမဆုရရှိသည့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသောင်းစိန်၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆု ဒုတိယဆုရရှိသည့် ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင် အရာရှိ ဦးလေးလွင်နှင့် မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆု တတိယဆု ရရှိသည့် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေတို့အားလည်းကောင်း၊ အကောင်းဆုံးစံပြမြို့နယ်ဆု ပထမဆု ရရှိသည့် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသောင်းစိန်၊ အကောင်းဆုံးစံပြမြို့နယ် ဒုတိယဆုရရှိသည့် ကျောက်ဆည် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးလေးလွင်နှင့် အကောင်းဆုံးစံပြမြို့နယ်ဆု တတိယဆုရရှိသည့် ကျောက်တန်းမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကြည်တင်တို့အား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အမျိုးသားဓာတ်ရုံ ဧည့်ခန်းမတွင် ခင်းကျင်းပြသထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးဆုရ မြို့နယ်များ၊ မြို့သာယာလှပရေးအကောင်းဆုံးဆုရ မြို့နယ်များနှင့် အကောင်းဆုံး စံပြဆုရ မြို့နယ်များ၏ မှတ်တမ်းဓာတ်ပုံများ၊ အထူးစီမံကိန်းများဖြစ်ကြသော အပူပိုင်းဒေသ ရေရရှိရေးစီမံကိန်း၊ ကျေးလက်အိမ်ရာစီမံကိန်းနှင့် ခရိုင်ချင်းဆက် လမ်းဖောက်လုပ်မှုစီမံကိန်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် အမျိုးသားဓာတ်ရုံပရဝဏ်အတွင်း ခင်းကျင်းပြသထားသည့် စည်ပင်သာယာရေးဦးစီးဌာနက တီထွင်ထုတ်လုပ်ထားသော ပေ ၁၂၀၀အထိ မြေအနက်အမျိုးမျိုးကို တူးဖော်နိုင်သော စက်ရေတွင်း တူးဖော်စက်များ၊ ရွှံ့လျှားစက်ပြင် အလုပ်ရုံယာဉ်နှင့် ရေပေးရေးလုပ်ငန်းဆိုင်ရာ စက်ယန္တရား များကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့်စတင်ရောင်းချ
ကျောက်စိမ်း ၁၂၈တွဲ ယူရိုငွေ ၂ဒသမ ၄သန်းကျော်ဖိုး ရောင်းရ

ရန်ကုန် ဇွန် ၂၉

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ အစီ အစဉ်အရ ယနေ့နံနက် ၉နာရီတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ကျောက်စိမ်းအတွဲ များကို တင်ဒါစနစ်ဖြင့်စတင်ရောင်းချ သည်။

ရှေးဦးစွာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက တင်ဒါပုံး များထဲ၌ ထည့်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို ဖွင့် ဖောက်စိစစ်ရေးအဖွဲ့ဝင်များက ဖွင့် ဖောက်စစ်ဆေးရာ ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူး ရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်း ရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟို ကော်မတီဝင်များက ကြီးကြပ် ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ကျောက်စိမ်းအတွဲ များကို တင်ဒါစနစ်ဖြင့် ရောင်းချရာ ညနေ၅နာရီအထိ ကျောက်စိမ်း အတွဲ ပေါင်း ၁၂၈တွဲကို တန်ဖိုး ယူရိုငွေ ၂၄၄၇၄၈၄ဖြင့် ရောင်းချနိုင်ခဲ့သည်။

ကျောက်စိမ်းအတွဲများကို တင်ဒါ စနစ်ဖြင့် ယနေ့ရောင်းချရာသို့ ပြည်ပမှ ရတနာကုန်သည် ၄၇၈ဦးနှင့် ပြည်တွင်းမှ နိုင်ငံသား ရတနာ ကုန်သည် ၃၇၅ဦး စုစုပေါင်း ရတနာ ကုန်သည် ၈၅၃ဦးတို့ တက်ရောက်၍ အပြိုင်အဆိုင် ဝယ်ယူကြသည်။ ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

ဇွန် ၃၀ရက်နှင့် ဇူလိုင် ၁ရက်နေ့တို့ တွင် ကျောက်စိမ်းအတွဲများကို တင်ဒါ စနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ဆက် လက် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

လယ်တီစံရိပ်သာမဂ္ဂင်ကျောင်း ဆောက်လုပ်ရေးလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင် မြို့နယ် မဟာညောင်ကုန်းကျောင်း တိုက် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာတွင် နှစ်ထပ်မဂ္ဂင် ကျောင်းတော်ကြီး တည်ဆောက်ရေး အတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူ များသည် ပဓာနနာယကဆရာတော် ကြီး၊ ကမ္မဋ္ဌာနစရိယ ဆရာတော်များ နှင့် ဥပဋ္ဌာကအကျိုးတော်ဆောင်ထံ တွင် ကိုယ်တိုင်ဖြစ်စေ၊ ရိပ်သာ ဖုန်း– ၂၀၁၆၃၄တို့သို့ ဖြစ်စေ ဆက်သွယ် လှူဒါန်းကြရန် နှိုးဆော်ထားသည်ဟု သိရသည်။ (က–ပ)

ဂွမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၉

ဂွမြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲ နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော် ဆက်ကပ်ပူဇော်ခြင်းခံရသော ဆပ်သွားအလယ်ရွာကျောင်း၊ ဘဒ္ဒန္တ ဂန္ဓမာနန္ဒ သက်တော်ရှည် ဆရာတော် ကြီးအား ဂုဏ်ပူဇော်ပွဲကို ဇူလိုင် ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံဘုရား အရှေ့မုခ်ရှိ ရခိုင် ပြည်နယ်ဓမ္မာရုံတွင်ကျင်းပမည်ဖြစ်၍ ဦးထွန်းအုံ ဖုန်း–၅၄၀၅၁၄၊ ဦးညွန့် ယဉ် ဖုန်း–၅၉၀၃၀၅ နှင့် ၅၇၀၈၁၄၊ ဦးအောင်ကြည် ဖုန်း–၅၃၉၈၀၆တို့သို့ ဆက်သွယ်နိုင်သည်။ (၅၃)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀–၆–၂၀၀၄
(ဗုဒ္ဓဟူးနေ့)
၁၃၆၆ ခုနှစ်
ပထမဝါဆိုလဆန်း(၁၄)ရက်
(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာ တော်ကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုး တော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂ မဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၆။ အဆိုပြိုင်ပွဲ
၈း၂၀ ၇။ ဗိုက္ကရဲရေထိန်းတံခါး
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Learning English the Easy and Happy Way For Children and Beginners.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅း၃၀ ၇။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၅း၄၀ ၈။ သီချင်းကြီးပဒေသာ
၅း၅၅ ၉။ မြန်မာစာ မြန်မာစကား (အပိုင်း–၇)
၆း၀၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၆း၁၀ ၁၁။ Discovery
၆း၂၀ ၁၂။ မြစ်သာတံတား (ကလေး၀) တည်ဆောက်ရေး
၆း၃၀ ၁၃။ ညနေခင်းသတင်း
၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၅။ မူးယစ်ဆန့်ကျင်အောင်ပွဲဆင် (အပိုင်း–၁)
၇း၂၀ ၁၆။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် (ထုံးဖွဲ့ဆင်ယင်နတ်သွင်တမျှ ရှုမဝ)
၇း၃၅ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း–၅၅) (ဇာတ်သိမ်းပိုင်း)**

နံနက်ပိုင်း

၀၁း၀၀ ၂၃။ **EURO 2004 ဘောလုံးပွဲ ပထမအကြိုဗိုလ်လုပွဲ သုံးသပ်ချက်**
၀၁း၁၅ ၂၄။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ် (ပထမအကြိုဗိုလ်လုပွဲ) (ပေါ်တူဂီ နှင့် ဟော်လန်)**
၂၅။ နောက်တစ်နေ့အစီအစဉ်
၂၆။ အစီအစဉ်ပြီး၏။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

❒ အမျိုးသားညီလာခံမှ

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP)နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေး မြို့သစ်အဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ကိုယ်စားလှယ်များအနက် ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ) အဖွဲ့တို့မှ ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေ ပြုရေး၊ အုပ်ချုပ်ရေးနှင့် တရား စီရင်ရေးဆိုင်ရာ အာဏာ ခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရေး အတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ရှမ်းပြည်နယ်မှ ဦးခွန်ကျော်သူက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

တက်ရောက်လေ့လာ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူး Colonel Hideaki Kitaharaခေါင်းဆောင်၍ ဂျပန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ကိုရီးယားသမ္မတနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ စစ်သံမှူးများ တက်ရောက် လေ့လာကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအားတွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးမစတင်မီ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကော်မရှင်ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့နှင့်အတူ ယနေ့ ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Hideaki Kitahara ခေါင်းဆောင်သည့် နိုင်ငံခြား စစ်သံမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းမောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

ကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ ဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန် တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီးတွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၆၈ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့်၉၈ဒသမ၁၆ရှိသဖြင့် အမျိုးသားညီလာခံ စုံညီစည်းအဝေးအထမြောက်ကြောင်းနှင့်သဘာပတိ၏ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြရာ ရှေးဦးစွာ ညီလာခံကိုယ်စားလှယ် ရှမ်းပြည်နယ်မှ ဦးခွန်ကျော်သူက တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍတို့ကို စတင်ဖတ်ကြားတင်ပြသည်။

ယင်းနောက် ညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ်မှ ဒေါ်အင်ဘရန့်ဒွဲဘူက တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍကို ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၁၀မိနစ်တွင် ခေတ္တရပ်နားသည်။

ဆက်လက်ကျင်းပ

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ မိနစ် ၄၀ တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ရခိုင်ပြည်နယ်မှ ဒေါ်မခင်ဝင်းက ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် နေ့လယ်စာ သုံးဆောင်ရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ၁၅မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ဆက်လက်ကျင်းပသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့် မူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် မွန်ပြည်နယ်မှ ဒေါ်မြင့်မြင့်ကြူက ဆက်လက်ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းပါ လူမှုရေးကဏ္ဍကို ညီလာခံကိုယ်စားလှယ် တနင်္သာရီတိုင်းမှဦးအောင်လင်းလှိုင်ကဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းပါ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များ၏ဥပဒေပြုခွင့်အာဏာ၊ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြု စာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းခြင်း၊ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းခြင်း၊ လွှတ်တော်အဆင့်ဆင့်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် စစ်ကိုင်းတိုင်းမှ ဒေါ်နန်းရီရီသန်းက ဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို ညနေ ၄နာရီတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇွန် ၃၀ရက် (ဗုဒ္ဓဟူးနေ့)နံနက်၉နာရီတွင်ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက်တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ်မှ ဒေါ်အင်ဘရန့်ဒွဲဘူ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက်တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ရခိုင်ပြည်နယ်မှ ဒေါ်မခင်ဝင်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက်တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် မွန်ပြည်နယ်မှ ဒေါ်မြင့်မြင့်ကြူ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက်တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် တနင်္သာရီတိုင်းမှ ဦးအောင်လင်းလှိုင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက်တိုင်းရင်း သား လူ မျိုး ကိုယ် စား လှယ် များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက် စာတမ်းကို ညီလာခံကိုယ်စားလှယ် စစ်ကိုင်းတိုင်းမှ ဒေါ်နန်းရီရီသန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ တက်ရောက်လေ့လာကြစဉ်။ (သတင်းစဉ်)

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက ဓမ္မကထိက၊ ဗဟုဇနဟိတရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇူလိုင် ၄ရက်(ပထမဝါဆိုလပြည့်ကျော် ၃ရက်) ညတွင် ရန်ကုန်တိုင်း အလုံမြို့နယ် ကွင်းကျောင်းပရိယတ္တိစာသင်တိုက် ဓမ္မာရုံတော်ကြီး၌ နိဗ္ဗာန်ရောက်ရေး နည်းလမ်းပေး တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။

(က-ပ)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂၉

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇ နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကျော်သူရိုက်ကူးပြီး သရုပ်ဆောင်ကျော်သူ၊ မင်းမော်ကွန်း၊ မင်းခ၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ လှမျိုးသဉ္ဇာနွယ်၊ ဆုပန်ထွာ၊ ချိုပြုံးနှင့် နှင်းဆီတို့ပါဝင်သရုပ်ဆောင်ထားကြသည့် "အမေ့နို့ဖိုး" ရုပ်ရှင်ဇာတ်ကားဖြင့် တင်ဆက်ပြသရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးကျင်းပမည်

ရန်ကုန် ဇွန် ၂၉

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကောဒသမ အစည်းအဝေးကို ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်နှင့် ဒုတိယဝါဆိုလဆန်း ၁ရက်၊ (ဇူလိုင် ၁၆၊၁၇ ရက်)တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေကျောင်းတော်ကြီးသို့ ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ (ဇူလိုင် ၁၂ ရက်)အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ယင်းပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါရက်တွင် အရောက်ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှသတင်းရရှိသည်။

(သတင်းစဉ်)

✡ အိမ်ရှင်ပေါ်တူဂီမှ

ဇူလိုင် ၁ရက် နံနက်စောစောတွင် ဆီမီးဖိုင်နယ် ပထမပွဲစဉ်အဖြစ် အိမ်ရှင်ပေါ်တူဂီနှင့် ဟော်လန်(နယ်သာလန်)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်။ နှစ်သင်းစလုံးသည် ခြေစွမ်းထက်ကြသည်။ ထို့အပြင် ပြိုင်ပွဲတွင် ရေပန်းစားသော အသင်းများလည်း ဖြစ်သည်။ ကမ္ဘာကျော် ဘောလုံးသမားများ ပါဝင်ကစားကြသည်။ ပွဲမှာ ပွဲကြီးပွဲကောင်းဖြစ်မည်။

နှစ်သင်းစလုံး၏ ဖြတ်သန်းခဲ့ရာ အခြေအနေကို လေ့လာကြည့်ရာတွင် ကွာတားဖိုင်နယ်တွင် ပိုင်နယ်တီအဆုံးအဖြတ်ကန်ပြီး တက်သောအသင်းများဖြစ်သည်။ အုပ်စုပွဲစဉ်တွင် ပေါ်တူဂီသည် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးသည်။ ဟော်လန်(နယ်သာလန်)က တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ အုပ်စုပွဲမှ ကွာတားဖိုင်နယ်အထိ ကစားခဲ့သောပွဲများတွင် ပေါ်တူဂီ၏ ကစားပုံများသည် ဟော်လန်(နယ်သာလန်)ထက် ပို၍ ကောင်းနေသည်။

သို့ဖြစ်၍ အိမ်ရှင် အားသာချက်ရှိသည်ဆိုသောအချက်ကို ခေတ္တဘေးဖယ်ထားပြီး နှစ်သင်းကစားခဲ့သော အခြေအနေများကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာပိုင်းခြားခြင်းက ပို၍ သဘာဝကျလိမ့်မည်ဟု ယူဆမိသည်။ ထို့ကြောင့် ရှေးဦးစွာ နှစ်သင်း ကစားခဲ့သော အနေအထားများကို နှိုင်းယှဉ်ကြည့်ခြင်းသည် ပွဲ၏ အနိုင်အရှုံးကို အနီးစပ်ဆုံး ခန့်မှန်းနိုင်မည်။

အိမ်ရှင်ပေါ်တူဂီသည် ဟော်လန်(နယ်သာလန်)ထက် ခက်ခဲသောလမ်းကို လျှောက်လှမ်းခဲ့ရသည်။ ရုရှားနှင့် ပွဲမှလွဲ၍ ကျန်ပွဲစဉ်များတွင် ပေါ်တူဂီသည် အထက်စီးမှ ကစားနိုင်ခဲ့သည်။ ဟော်လန်(နယ်သာလန်)မှာ ထိုကဲ့သို့ မဟုတ်ချေ။ ကောင်းတစ်ချက်၊ မကောင်းတစ်ချက်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်လာခြင်းသည် တကယ်တမ်းကောင်းပါသည်ဟုဆိုသော ပွဲများ (ဥပမာ-ချက်၊ ဆွီဒင်တို့ပွဲကို ဆိုလိုပါသည်။)ကို သေသေချာချာ ပိုင်းခြားကြည့်လျှင် အကောင်းဆုံးမဟုတ်သေးဟု ဆိုရမည်ဖြစ်သည်။

ပွဲဦးထွက်တွင် ပေါ်တူဂီသည် ဂရိနှင့်ကစားရသည်။ ပထမပိုင်းအချိန်တော်တော်များတွင် ကစားကွက်ပျက်ပြီး ပျောက်နေသည်။ ဒုတိယပိုင်းမှ ကစားကွက် အသာစီးရပြီး အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ သို့သော် ဂရိနောက်တန်းတောင့်လွန်း၍ ပေါ်တူဂီ တစ်ဂိုးသာရခြင်းဖြစ်သည်။ တစ်ပွဲလုံးကို ခြုံကြည့်လျှင် ပေါ်တူဂီ ကစားပုံကောင်းသည်။

ဟော်လန်သည် ဂျာမနီနှင့် ကစားရသော ဖွင့်ဆော်ဦးပွဲတွင် ခြေစွမ်း လုံးဝညံ့ခဲ့သည်။ ဂျာမနီ၏ တိုက်စစ်အောက်မှာ လူးလိမ့်ခံရသည်။ ပွဲပြီးခါနီးမှသာ ဂျာမနီဘက်သို့ ပြန်ဖိကစားနိုင်သည်။ ဟော်လန်၏ ကွင်းလယ်တစ်ခုလုံးကို ဂျာမနီက ချေဖျက်ခဲ့သည်။

ပေါ်တူဂီသည် ဒုတိယပွဲစဉ်တွင် ရုရှားနှင့် ကစားရသည်။ ရုရှားကို နိုင်သော ပေါ်တူဂီ၏ခြေသည်ညံ့သည်။ ရုရှား၏ တန်ပြန်ထိုးနှက်ချက်များကို အနိုင်နိုင်ထိန်းနေရသည်။ ကစားပုံမှာ အသက်မပါသကဲ့သို့ရှိသည်။ တစ်ပွဲလုံး လျော့တိလျော့ရဲ ကစားခဲ့သည်။

ချက်နှင့်ပွဲတွင် ဟော်လန်၏ ထွက်ထွက်ချင်း ကစားပုံကောင်းသည်။ ချက်ကိုအထက်စီးမှ ကစားနိုင်ပြီး ကွင်းလယ်အား ထိန်းချုပ်ထားသည်။ သို့သော် ဒုတိယပိုင်းရောက်သည့်အချိန်တွင် ဟော်လန်၏ကစားပုံရောကစားရှိန်ပါ ရုတ်တရက်ကြီး ထိုးကျသွားသည်။ ပိုဆိုးသော အချက်မှာ ရော့ဘင်ကို ထုတ်လိုက်သည့်အချိန်တွင် ဟော်လန်၏ တိုက်စစ်သည် လျော့ကျသွားသည်။ နစ္စတယ်ရွိုင်းမှာ လူပိုတစ်ယောက်ကဲ့သို့ ဖြစ်နေသည်။ ကမ္ဘာ့အကောင်းဆုံး ရှေ့တန်းတိုက်စစ်သမားတစ်ယောက်အနေဖြင့် အလွန်ခိုင်မာသည့် နောက်တန်းတစ်ခုကိုတော့ ကျော်ဖြတ်နိုင်သည့် စွမ်းရည်ရှိသင့်သည်။ နစ္စတယ်ရွိုင်း၏ ထိုးဖောက်ကစားချက်များသည် ထိရောက်မှု မရှိသည်ကိုမြင်ရသည်။ သို့သော် ဘောလုံးကျွမ်းကျင်သူများက ဟော်လန်၏ အကောင်းဆုံး ပွဲတစ်ပွဲအဖြစ် သတ်မှတ်ကြသည်။

ပေါ်တူဂီ၏ အုပ်စုနောက်ဆုံးပွဲစဉ်မှာ စပိန်နှင့် ကစားရခြင်းဖြစ်သည်။ ၎င်းပွဲတွင် ပေါ်တူဂီသည် ပွဲစသည်နှင့် တစ်ပြိုင်တည်း ဖိကစားနိုင်သည်။ တစ်ချိန်လုံး စပိန်သည် ပေါ်တူဂီ၏ တိုက်စစ်ကို ပိတ်ခံနေရသည်။ စပိန်က ကွင်းလယ်ကစားကွက်ကို ဖျက်ဖို့ရန် ကြိုးစားသော်လည်း ပေါ်တူဂီသည် ကွင်းလယ်ကို ကောင်းစွာထိန်းချုပ်ကစားနိုင်ခဲ့သည်။ ထို့ကြောင့် ပေါ်တူဂီသည် ထိုက်ထိုက်တန်တန်ဖြင့် ကွာတားသို့ တက်ခွင့်ရခဲ့သည်။

အုပ်စုနောက်ဆုံးပွဲတွင် ဟော်လန်က လတ်ဗီးယားနှင့် ကစားရသည်။ ထိုပွဲတွင် ဟော်လန်သည် လတ်ဗီးယားကို ခြေအသာနှင့်အပေါ်စီးမှ စိတ်ကြိုက်ခြယ်လှယ်ကစားခဲ့သည်။ ကွင်းလယ်ကစားကွက်ကို စိတ်ကြိုက်လုပ်ကစားခဲ့သလို နောက်တန်းကလည်း လတ်ဗီးယားတိုက်စစ်မှုများကို ထိန်းနိုင်ခဲ့သည်။ လတ်ဗီးယားကို သုံးဂိုး-ဂိုးမရှိ နိုင်ခဲ့သော်လည်း ဟော်လန်၏ ခြေစွမ်းသည် ကျေနပ်လောက်သော ခြေစွမ်းမဟုတ်ဟုဆိုနိုင်သည်။ သို့ဖြစ်၍ ဟော်လန်သည် ကွာတားဖိုင်နယ်သို့ အင်တိုက်အားတိုက် ခွန်အားစိုက်ပြီး တက်လာခြင်းမဟုတ်ပေ။

ကွာတားဖိုင်နယ်တွင် ပေါ်တူဂီသည် အင်္ဂလန်နှင့်ဆုံသည်။ မိနစ်ရှစ်ဆယ်လုံးလုံး ပေါ်တူဂီက အပေါ်စီးမှ ဖိကစားခဲ့သည်။ အကြိမ်ကြိမ် ထိုးဖောက်ဂိုးသွင်းခွင့်များရသော်လည်း ပေါ်တူဂီ ဂိုးပေါက်ပျောက်နေသည်။ ၆၅ မိနစ်ကျော်တွင် ပေါ်တူဂီ၏ တိုက်စစ်သည် အားပျော့လာသည်။ လူစားလဲပြီး ပေါ်တူဂီတိုက်စစ်ကို မြှင့်တင်ခဲ့သည်။ ထို့ကြောင့် ပေါ်တူဂီ ချေပဂိုးရခဲ့သည်။ ခြုံ၍ပြောရရင် ပေါ်တူဂီ၏ အကောင်းဆုံးပွဲတစ်ပွဲအဖြစ် သတ်မှတ်၍ရသည်။

ဟော်လန်ကကွာတားဖိုင်နယ်တွင် ဆွီဒင်နှင့်ကစားရသည်။ ဟော်လန်သည် ကွင်းလယ်ကိုစီးပြီး ဘယ်ညာတောင်ပံများမှ ထိုးဖောက်ကစားသည်။ သို့သော် ဂိုးရှေ့ရောက်တိုင်းဘောလုံးပျက်၍သွားသည်။ ဟော်လန်သည် ဘောလုံးကိုကွင်းလယ်ထဲမှာပင် ပတ်ကစားနေသည်။ တိုက်စစ်မှူး နစ္စတယ်ရွိုင်း တစ်ယောက်မှာလည်း ခြေစွမ်းပျောက်နေသည်။ ပိုင်နယ်တီအဆုံးအဖြတ်ကြောင့် ဟော်လန်သည် ဆီမီးဖိုင်နယ်သို့ ရောက်ခဲ့သည်။ ဘောလုံးသတင်း ကြေညာသူက အဆင့်မြင့်ပွဲတစ်ပွဲဟူ၍ သုံးသပ်ခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သော နှစ်သင်းစလုံး၏ ပွဲစဉ်မှခြေစွမ်းများကို လေ့လာကြည့်ရာတွင် ပေါ်တူဂီက ပို၍ကောင်းနေသည်။ နှစ်သင်းစလုံး၏နည်းဗျူဟာမှာ ကွင်းလယ်ကို စိုးမိုးချုပ်ကိုင်ပြီး နေရာစုံမှ ထိုးဖောက်ကစားခြင်းဖြစ်သည်။ လောလောဆယ်၌ ပေါ်တူဂီ၏ ကွင်းလယ်က ဟော်လန်ထက်ကောင်းနေသည်။ နှစ်သင်းစလုံးသည် တိုက်စစ်၊ ခံစစ်ကို ဖွင့်ကစားကြသည်။ ထို့ပြင်ခံစစ်ထက် တိုက်စစ်ကို ပို၍အားပြုကစားတတ်ကြသည်။

ကစားသမားစုဖွဲ့မှုအားတွင်လည်း ပေါ်တူဂီက ဟော်လန်ထက်သာသည်။ အထူးသဖြင့် အလယ်တန်းရော၊ ရှေ့တန်းမှာပါ အရန်အင်အားတောင့်သည်။ နောက်တန်းမှာ နှစ်သင်းစလုံးညံ့ကြသည်။ အထူးသဖြင့် ဘယ်အစွန်၌ညံ့ကြသည်။ တစ်ချက်တစ်ချက်တွင် ပေါ်တူဂီ၏အလယ်နှစ်ယောက်သည် နားလည်မှုလွဲနေတတ်သည်။ ပွဲအခြေအနေကိုကြည့်ပြီး လုပ်ရဲကိုင်ရဲနှင့် လူစားလဲရဲသူမှာ ပေါ်တူဂီနည်းပြဖြစ်သည်။ ခံစစ်ထက်တိုက်စစ်ကိုသာစဉ်းစားသည်။ ဟော်လန်နည်းပြမှာ ချက်နှင့်ပွဲပြီးသည့် နောက်ပိုင်းတွင် နည်းပရိယာယ် မှားယွင်းမှုရှိသည်ကို မတွေ့ရတော့ချေ။

ဟော်လန်အသင်းသည် ယနေ့အချိန်အထိ အချိတ်အဆက်မိမိဖြင့် အကောင်းဆုံး မကစားနိုင်သေးဘဲဖြစ်နေသည်။ ထို့ကြောင့် နှစ်သင်း ကစားခဲ့သောပွဲကိုကြည့်လျှင် လောလောဆယ်၌ အိမ်ရှင်ပေါ်တူဂီ သာလျက်ရှိသည်။ အိမ်ရှင်အခွင့်အရေးဆိုသော အားသာချက်ကို ပေါင်းထည့် လိုက်မည်ဆိုလျှင် ပေါ်တူဂီသည် အထက်စီးသို့ ပို၍ ရောက်ရှိနေပြီဖြစ်သည်။ ထိုထိုသော အချက်များကြောင့် အိမ်ရှင်ပေါ်တူဂီသည် ဗိုလ်လုပွဲသို့ တက်ရောက်ခွင့် ရသွားလိမ့်မည်ဟု ယူဆရပေသည်။ ။

(ကြေးမုံ)

ဇွန် ၁၄ ရက်က ဆွစ်ဇာလန်နိုင်ငံ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာတို့ မြန်မာ့ဘောလုံးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြစဉ်။

(သတင်းဆောင်းပါးဖော်ပြပြီး) (ဓာတ်ပုံ-ဘောလုံးအဖွဲ့ချုပ်)

❍ အဆင့်မြင့်တန်းမှ

ရိုးရိုးတန်း ငွေကျပ် ၃၀၀ နှုန်း သတ်မှတ်ထားခဲ့သော်လည်း ဇွန် ၃၀ ရက်တွင် ကျင်းပမည့် ပြိုင်ပွဲများမှ စတင်၍ နှစ်ကွင်းစလုံးတွင် ဂိတ်ဝင်ကြေးကို အထူးတန်းငွေကျပ် ၃၀၀နှင့် ရိုးရိုးတန်းငွေကျပ် ၂၀၀နှုန်းအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပြင်ဆင်သတ်မှတ်လိုက်သည်။

ဇွန်၃၀ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် တံခွန်အသင်း၊ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ ဇူလိုင် ၁ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပတ္တမြားနဂါးအသင်းနှင့် ကာကွယ်ရေးအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကမ္ဘောဇအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ ဇူလိုင် ၂ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ သစ်တောရေးရာအသင်းနှင့် လယ်ယာ/ထွက်ကုန်အသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ပို့ဆောင်ရေး(က)အသင်း၊ ဇူလိုင် ၃ရက်တွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ တပ်မတော်(ကြည်း)(က)အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပြည်ထဲရေးက တပ်မတော်(ကြည်း)(က)ကိုနိုင်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လှူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင်(က)အုပ်စုမှ ပြည်ထဲရေးအသင်းနှင့် တပ်မတော်(ကြည်း)(က) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲများကို ဇွန် ၃၀ရက် ညနေ ၃နာရီခွဲတွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ အောင်ဆန်းအားကစားပြိုင်ဝင်း၌ မြို့တော်စည်ပင်အသင်းနှင့်တံခွန်အသင်း၊ ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

အာဆီယံ ခရီးသွားလုပ်ငန်း အစည်းအဝေးများဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်သော အာဆီယံ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများ၊ အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းများ အစည်းအဝေး၊ အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွားလုပ်ငန်း အာဏာပိုင်များ အစည်းအဝေးနှင့် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်းပူပေါင်း ဆောင်ရွက်ရေး အစည်းအဝေးကို တောင်ကြီးမြို့၌ ကျင်းပမည်ဖြစ်ရာ ယမန်နေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အေးသာယာ အပန်းဖြေဟိုတယ်၌ အာဆီယံ အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အာဆီယံနိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများမှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များ၏ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးအဖွဲ့ရုံးမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အမှာစကားပြောကြားသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနှင့်ယှဉ်ပြိုင်မည့်ပွဲစဉ်များ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၂၁ရက်မှ စတင်၍ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် နေ့စဉ် တစ်နေ့နှစ်ပွဲကျ ကျင်းပလျက်ရှိရာ ယှဉ်ပြိုင်ကစားပြီးသည့်ပွဲစဉ် အနိုင်/အရှုံးများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။	စွမ်းအင်နှင့်တံခွန်	(၄-၂)
၂။	ဆောက်လုပ်ရေးနှင့်မြို့တော်စည်ပင်	(၀-၀)
၃။	ကာကွယ်ရေးနှင့်ကမ္ဘောဇ	(၃-၁)
၄။	ပတ္တမြားနဂါးနှင့်လယ်/ဆည်	(၃-၁)
၅။	ဘဏ္ဍာ/အခွန်နှင့် လယ်ယာ/ထွက်ကုန်	(၃-၀)
၆။	သစ်တောနှင့်ပို့ဆောင်ရေး	(၃-၂)
၇။	စီးပွား/ကူးသန်းနှင့်ပြည်ထဲရေး	(၃-၀)
၈။	မြို့တော်စည်ပင်နှင့် စွမ်းအင်	(၁-၁)
၉။	တံခွန်နှင့် ဆောက်လုပ်ရေး	(၂-၁)
၁၀။	ပတ္တမြားနဂါးနှင့် ကမ္ဘောဇ	(၂-၂)
၁၁။	လယ်/ဆည်နှင့် ကာကွယ်ရေး	(၄-၂)
၁၂။	သစ်တောနှင့် ဘဏ္ဍာ/အခွန်	(၁-၀)
၁၃။	လယ်ယာ/ထွက်ကုန်နှင့် ပို့ဆောင်ရေး	(၂-၁)
၁၄။	ပြည်ထဲရေးနှင့် တပ်မတော်(ကြည်း)(က)	(၄-၂)

ဆက်လက်ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

(၃၀-၆-၂၀၀၄)

စွမ်းအင်နှင့်ဆောက်လုပ်ရေး(သုဝဏ္ဏ)

မြို့တော်စည်ပင်နှင့်တံခွန်(အောင်ဆန်းကွင်း)

(၁-၇-၂၀၀၄)

ကမ္ဘောဇနှင့်လယ်/ဆည်(သုဝဏ္ဏ)

ပတ္တမြားနဂါးနှင့်ကာကွယ်ရေး(အောင်ဆန်းကွင်း)

(၂-၇-၂၀၀၄)

ဘဏ္ဍာ/အခွန်နှင့်ပို့ဆောင်ရေး(က)(သုဝဏ္ဏ)

သစ်တောနှင့်လယ်ယာ/ထွက်ကုန်(အောင်ဆန်းကွင်း)

(၃-၇-၂၀၀၄)

တပ်မတော်(ကြည်း)နှင့် စီးပွား/ကူးသန်း (သုဝဏ္ဏ)

(ကြေးမုံ)

အောင်မြင်မှုရရှိမည့် ကျောက်စိမ်းကျောက်မျက် အထူးရောင်းချပွဲ

သတင်းဆောင်းပါး-ဒွေးကြည်
ဓာတ်ပုံ-သန့်ဇင်ထွန်း

ရန်ကုန် ဇွန် ၂၉

သတ္တုတွင်းဝန်ကြီးဌာန ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ဖဟိုကော်မတီက ကြီးမှူးကျင်းပသည့် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာ ခန်းမတွင် ဇွန်လ ၂၆ ရက်က ကျင်းပခဲ့သည်။



ထို့အတူ အကျိုးတူလုပ်ငန်းပိုင်းမှ ကျောက်စိမ်း အတွဲပေါင်း ၁၀၄ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၁ ဒသမ ၈၀ သန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကျောက်စိမ်း အတွဲ ၇၈ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ သုည ဒသမ ၅၁ သန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ ကျောက်စိမ်းအတွဲပေါင်း ၉၄၆ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၆ ဒသမ ၄၂ သန်း

ယူရိုငွေ ၉၃၀၀၀၀ဖြင့် ဈေးအမြင့်ဆုံး ပြသထားသည့် Lot No. 1039 ကျောက်စိမ်းတုံးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-သန့်ဇင်ထွန်း)

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် ကျောက်မျက်အတွဲများကိုလည်း တင်ပြရောင်းချသွားမည် ဖြစ်သည်။ ကျောက်မျက်အတွဲများ တင်ပြရောင်းချမှုမှာ တင်ဒါစနစ်တွင် ကျောက်မျက်အတွဲ ၇၈ တွဲ၊ အခြေခံ ရောင်းဈေး ယူရိုငွေ သုည ဒသမ ၁၄ သန်းနှင့် ဈေးပြိုင်စနစ် တွင် ကျောက်မျက်အတွဲ ၆၂ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၇ ဒသမ ၇၃ သန်းဖြင့် တင်ပြရောင်းချသွားမည် ဖြစ်သည်။

ထိုသို့ ကျောက်စိမ်းအထူးရောင်းချပွဲတွင် ရောင်းချမည့် ကျောက်စိမ်းများထဲမှ တန်ဖိုးအကြီးဆုံးမှာ Lot No. 1039 ကီလိုဂရမ် ၃၀ ရှိသည့် ကျောက်စိမ်းတွဲဖြစ်ပါသည်။ တန်ဖိုးမှာ ယူရိုငွေ ၉၃၀၀၀၀ ဖြစ်သည်။ ဒုတိယ တန်ဖိုး အများဆုံး ကျောက်စိမ်းမှာ Lot No. 998 ကီလိုဂရမ် (၈ ဒသမ ၂၅ ဂရမ်) အလေးချိန်ရှိပြီး တန်ဖိုးမှာ ယူရိုငွေ ၂၁၀၀၀၀ ဖြစ်ပေသည်။

ကျောက်မျက်များထဲတွင်မူ မိုးကုတ်မြို့ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက တင်သွင်းထားသည့် အရည်အသွေး ကောင်းမွန်လှသည့် နီလာကြီးတစ်ပွင့်ကို တွေ့မြင်ခဲ့ရသည်။ အလေးချိန် ၂၇ ဒသမ ၅၄ ကရက်ရှိပြီး တန်ဖိုးမှာ ယူရိုငွေ ၁၆၀၀၀၀ သတ်မှတ်ထားသည်။ ပတ္တမြားထဲတွင်မူ တောင်ကြီးမြို့မှ ဒေါ်နုနုအမည်ဖြင့် တင်သွင်းထားသည့် ၂၆ ပွင့်ပါ မိုင်းရှူး ပတ္တမြားရိုင်းများဖြစ်သည်။ အလေးချိန် ၆၆၈ ကရက်ရှိပြီး တန်ဖိုး ယူရိုငွေ ၇၇၀၀၀၀ ဖြစ်ပေသည်။

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲနှင့် ပတ်သက်၍ အတွင်းရေးမှူးဖြစ်သူ မြန်မာကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးအား ကြေးမုံက တွေ့ဆုံမေးမြန်းရာ "တစ်နှစ် ပတ်လုံး ကြားဖြတ်ရောင်းချပွဲများ အဆက်မပြတ် ပြုလုပ် သွားမည့် အစီအစဉ်အရ ယခုပြပွဲကိုလည်း ပြုလုပ်ရခြင်းဖြစ် ကြောင်း၊ ဒီရာသီဟာ နိုင်ငံတကာမှ ခရီးသည်များ လာရောက်လည်ပတ်မှု နည်းပါးသည့်အချိန်ဖြစ်ကြောင်း၊ သို့သော် ယခုပြပွဲကို ပြုလုပ်လိုက်သည့်အတွက် နိုင်ငံတော် အတွက် ကျောက်စိမ်း၊ ကျောက်မျက်များ ရောင်းချနိုင်သဖြင့် နိုင်ငံခြားငွေ ရရှိသကဲ့သို့ ကျောက်မျက်ရတနာကုန်သည်များ လာရောက်ကြသည့်အတွက် နိုင်ငံခြားငွေ ရရှိခဲ့ကြောင်း" ဖြင့် ကြေးမုံသို့ ရှင်းလင်းပြောကြားသည်။



ကျောက်စိမ်းကျောက်မျက် အထူးပြပွဲတွင် ယူရိုငွေ ၇၇၀၀၀၀ဖြင့် ဈေးအမြင့်ဆုံး တင်ပြထားသည့် မိုင်းရှူး ပတ္တမြားရိုင်း ၂၆ ပွင့်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-သန့်ဇင်ထွန်း)

မိမိတို့ ကြေးမုံသတင်းအဖွဲ့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံဝင်းထဲ သို့ ဝင်လိုက်လျှင်ပင် ခန်းမအဆောက်အအုံဝန်းကျင်တွင် ခင်းကျင်းပြသထားသော ကျောက်စိမ်း အရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်၊ အရိုင်းတုံးများနှင့် ထည်လုံးစိမ်း ကျောက်စိမ်းအရိုင်းတုံးများကို ပျားပန်းခပ်မျှ လှေ့လာကြည့်ရှုနေကြသည့် နိုင်ငံခြားသား ကျောက်မျက် ရတနာကုန်သည်များနှင့် တိုင်းရင်းသား ကျောက်မျက် ရတနာကုန်သည်များကို အားရဖွယ် တွေ့မြင်နေရသည်။

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ နိုင်ငံပေါင်း၂၅နိုင်ငံမှ ကုမ္ပဏီပေါင်း ၅၃၅ ခုသို့ ဖိတ်ကြား ထားပြီး ဇွန်၂၄ ရက်နေ့ထိ နိုင်ငံကိုးနိုင်ငံမှ ကုမ္ပဏီပေါင်း ၉၅ ခုမှ ရတနာကုန်သည်ပေါင်း ၂၇၀ဦး တက်ရောက်ကြ မည်ဖြစ်ကြောင်းသိရသည်။ (၄၁)ကြိမ်မြောက် ကျောက်မျက် ရတနာပြပွဲကိုလည်း ၂၀၀၄ ခုနှစ် မတ်လ ၁၃ ရက်မှ ၂၁ ရက်ထိ ပြသခဲ့သည်။ ထိုစဉ်ကလည်း နိုင်ငံပေါင်း ၁၀ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၂၅၃ ခုတို့မှ ရတနာကုန်သည် ၆၃၇ ဦး၊ ပြည်တွင်းကုမ္ပဏီ ၁၈၄ ခုမှ ရတနာကုန်သည် ၄၆၉ ဦး၊ စုစုပေါင်း ရတနာကုန်သည် ၁၁၀၆ ဦးတို့ တက်ရောက်ခဲ့ကြပြီး အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသည်။

ယခုလက်ရှိပြသနေသည့် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများ တင်ပြ ရောင်းချမှုမှာ အတွဲပေါင်း ၉၉၇ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၂ ဒသမ ၅၉ သန်းနှင့် ဈေးပြိုင်စနစ်တွင် ၁၃၁ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၆ ဒသမ ၁၄ သန်း၊ စုစုပေါင်း အတွဲ ၁၁၂၈ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၈ ဒသမ ၇၃ သန်းဖြင့် တင်ပြရောင်းချသွားမည်ဖြစ်ပေသည်။

ဖြစ်ပြီး ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၁၂၈ တွဲကို အခြေခံ ရောင်းဈေး ယူရိုငွေ ၈ ဒသမ ၇၃ သန်းဖြင့် တင်ပြရောင်းချ သွားမည် ဖြစ်ပေသည်။

ကျောက်စိမ်းကျောက်မျက် အထူးရောင်းချပွဲတွင် ပြသထားသည့် ကျောက်စိမ်းများကို ရတနာကုန်သည်များ စိတ်ဝင်တစား လေ့လာကြည့်ရှုနေကြစဉ်။
(ဓာတ်ပုံ-သန့်ဇင်ထွန်း)

မိမိတို့ ကြေးမုံသတင်းအဖွဲ့သည် မြေညီထပ်ခန်းမ အဆောက်အအုံဝန်းကျင်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းများကို စိတ်ဝင်တစား ကြည့်ရှုနေသည့် ကျောက်မျက်ကုန်သည် တစ်ဦးဖြစ်သူ ဟောင်ကောင် Fully Champion Ltd မှ Mr. Chung Kam Ching ကို တွေ့ဆုံမေးမြန်းရာ "ယခုပြပွဲတွင် ခင်းကျင်း ပြသပေးထားသည့် ကျောက်စိမ်းများမှာ များပြားကြောင်း၊ အရည်အသွေးလည်း ကောင်းမွန်ပါကြောင်း" ပြောကြား သည်။

တစ်ဖန် ဟောင်ကောင် On Wing International Ltd မှ ဒါရိုက်တာ John K.W Lam ကိုလည်း ကြေးမုံက တွေ့ဆုံမေးမြန်းခဲ့သည်။ "အရင် ပြပွဲထက် အခုအခေါက် လာရတာ ပိုအဆင်ပြေကြောင်း၊ ခင်းကျင်း ပြသထားသည့် ကျောက်စိမ်းများမှာလည်း ဈေးနှုန်းများ ချိုသာပါကြောင်း"ဖြင့် ကြေးမုံသို့ပြောကြားခဲ့သည်။

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူး ရောင်းချပွဲသည် နိုင်ငံခြားကျောက်မျက် ရတနာကုန်သည် များ အထူးစိတ်ဝင်စားသည့် ပြပွဲဖြစ်ပြီး မုချမသွေ အောင်မြင်မည့် ပြပွဲတစ်ခု ဖြစ်ပါကြောင်း တင်ပြလိုက်ရပေ သည်။ ။ **(ကြေးမုံ)**

အထူးဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇွန် ၂၉

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ်(၇)ရပ်ကွက်၊ သံသုမာလမ်းနှင့် ဗြဟ္မစိုရ်လမ်းထောင့်ရှိ သီတာဦး စံပြရောင်းဝယ်ရေး သ/မဝါယမအသင်းလီမိတက်မှ အထူးဈေးရောင်း ပွဲတော်ကျင်းပသွားမည်ဖြစ်ရာ ဇွန် ၂၉ရက်မှ ဇူလိုင် ၄ရက်အထိ ၁၀ရာခိုင်နှုန်းလျှော့ ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ (၆၃)

ရန်ကုန်မိုးရေချိန်
(၂၉-၆-၂၀၀၄)

ကမ္ဘာအေး	-	၀ ဒသမ ၁၂ လက်မ
ရန်ကုန်မြို့လယ်	-	၀ ဒသမ ၁၂ လက်မ
မင်္ဂလာဒုံ	-	၀ ဒသမ ၀၈ လက်မ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်-၃၉(ဂျီ)နေ ဦးတင်လှ-ဒေါ်အေးအေးကြည် (အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ) မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံ သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ဇွန်လ ၂၄ရက်က ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးဖိုးနီ-ဒေါ်အေးချို တို့အား ရည်စူး၍ အမှတ်(၁၅) အသောကလမ်း ဒွေးကြွယ်(က)ရပ်ကွက် တာမွေမြို့နယ်နေ ဦးသောင်း-ဒေါ်နှင်းမြိုင် မိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ထာဝရ ဆေးပဒေသာပင်အတွက် အလှူငွေ ကျပ် ၁၀၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဝင်ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း)က လက်ခံစဉ်။
(က-ပ)

နေ့ကလေးထိန်းကျောင်း လမ်းညွှန်ပြုစုရေးညှိနှိုင်း

ရန်ကုန် ဇွန် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ နေ့ကလေးထိန်း ကျောင်းများဆိုင်ရာ လုပ်ငန်းလမ်းညွှန်ပြုစု ရေးသားနိုင်ရေး အတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ အမှတ်(၆၄)၊ ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်) အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်းဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ ကျန်းမာရေးနှင့် ပညာရေးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယူနီဆက်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင် များ တက်ရောက်ကြသည်။(သတင်းစဉ်)

အရည်အသွေးမှာ ထိပ်တန်း
ကြာငါးခိုင် ဓါတ်ဆိုဒ်သကာန်း

FAME Diabe-Herb®
ဆီးချိုကျဆေးဆောင်

မင်္ဂလာရက်မြတ်ဆုတောင်း

ချစ်သောဖေဖေ ဗိုလ်မှူးသောင်းဇော်နှင့် ချစ်သောမေမေ ဒေါ်လွင်လွင်ညွန့်တို့၏ (၃၀-၆-၂၀၀၄) ရက်နေ့တွင် ကျရောက်သော(၂၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်း ရာကျော်တိုင်အောင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို ထာဝရ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီးများ – ကေကေသောင်းဇော်
– ဂျေဂျေသောင်းဇော်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၇၆/၇) အောင်သုခလမ်း၊ သီရိရတနာရိပ်သာနေ ဦးတင်မောင်-ဒေါ်ခင်အေးတို့၏ တစ်ဦးတည်းသောသား

ကိုတင်အောင်ဘွား
[B.A (Geography), M.P.A]
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၃၂/ဘီ)၊ ပြည်ထောင်စုလမ်းနေ ဦးတင်ကြည်-ဒေါ်လှကြည်တို့၏ သမီးလတ်

မကြည်ကြည်လေး
[LL.B]

တို့သည် ၂၇-၆-၂၀၀၄ နေ့က နှစ်ဖက်မိဘများ၏ ခွင့်ပြုချက်ဖြင့် အနောက်ပိုင်းခရိုင်တရားသူကြီး၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

ကိုတင်အောင်ဘွား-မကြည်ကြည်လေး။

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် အများအားဖြင့် မိုးလျော့နည်းမည်။

KKS JAPANESE LANGUAGE CENTRE
Katakana, Hiragana, Kanji ... Multimedia ... International Style Class Room ...
No. 161, 50th Street, Pazundaung Tsp; Yangon. Myanmar. Phone ; 200041, Fax : 200041,
e-mail : kkss@myanmar.com.mm

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

ရက်စွဲ၊ ၂၀၀၄ ခုနှစ်၊ ဇွန်လ (၃၀)ရက်
တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(၃)ထပ် အဆောက်အအုံသစ်များကို ထားဝယ်၊ မြိတ်၊ လားရှိုး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မကွေး၊ ဟသ်ာတ၊ မော်လမြိုင်မြို့တို့တွင် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့်တန်ဖိုးကို (B.Q) နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များမှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၂၈၇၃၊ ၅၄၃၃၃၆

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဂုဏ်ထူးဦးအောင်ခိုင်
အင်္ဂလိပ်သဒ္ဒါ နှင့် စာစီစာကုံးသင်တန်း

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၉-၆-၂၀၀၄)

ဖန်းမော် – ၄ ဒသမ ၀၂ လက်မ
ရေး – ၃ ဒသမ ၆၆ လက်မ
သထုံ – ၂ ဒသမ ၁၇ လက်မ
ခန္တီး – ၁ ဒသမ ၇၃ လက်မ
မိုးကုတ် – ၁ ဒသမ ၆၅ လက်မ

အမည်ပြောင်းခြင်း

ဦးလှဌေးဝင်း၏သား၊ အထက(၁) ဒဂုံ၊ ဒသမတန်း(အေ)မှ မောင်ခန့်ဇော်အား ယနေ့မှစ၍ မောင်ခန့်ဝင်းဇင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ခန့်ဝင်းဇင်။

ရောင်းမည်

ကြည့်မြင်တိုင်ကမ်းနားဈေးအနီး ကမ်းနားလမ်းမကြီးပေါ်ရှိ အဆောက်အအုံအသစ်မှ ၁၅ပေx၅၀ပေ အကျယ် မြေညီ၊ ပထမ၊ ဒုတိယ၊ တတိယထပ် အခန်းများ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်း-၇၂၇၅၅၈၊ ၇၂၆၄၈၀။

INFORMATICS
THE LEADERS IN IT EDUCATION AND TRAINING
Preview Talk / Information Seminar
July 3 (Sat) @ Informatics - Myaynigone
2nd Fl. Myaynigone Plaza (Next to Dagon Centre)
10am-12pm: "The Most Rewarding Pathway"
Diploma in Computer Studies by UCLES & NCC, UK
2pm-4pm: "The New Age Technology Pathway"
Diploma in Info-Comm Technology by NCC, UK
Your chance to advance to wide ranges of international degrees locally, abroad or online.
Inquire or book for your seat @
525971, 501450, 705740, 200343, 203188, 558350

အင်္ဂလိပ် - မြန်မာ
မြန်မာ - အင်္ဂလိပ်
Ph : 539998

TV, VIDEO
710612

စီးပွားရေးလုပ်ငန်းသုံးအင်္ဂလိပ်စာသင်တန်း
MENTOR BMC

Q . E . L . C
4 SKILLS ENGLISH (Basic)
JUNE (28, 30)
English Skills Foundation
JULY (3)
IELTS, June (12) / TOEFL, June (14) / Writing

ASAHI
အဆာဟိ- အဆင့်မြင့်ရေဟန်းသံယာဆောင်း ထီးအမျိုးမျိုး

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Cosmetic (Advertising & Assistant Manager) (၂၇-၃၅နှစ်ကြား) (လုပ်သက်-၃နှစ်) မ(၃)ဦး
၂။ Marketing(အလုပ်ကုန်လုပ်ငန်းအတွေ့အကြုံ-၂နှစ်) မ(၃)ဦး
၃။ Facial Treatment(၁၈-၂၅နှစ်ကြား) မ(၁)ဦး
၄။ Admin Staffs (လုပ်ငန်းအတွေ့အကြုံ-၃နှစ်) မ(၂)ဦး
၅။ Bakery(၂၀-၃၅နှစ်ကြား) (မုန့်လုပ်ငန်းအတွေ့အကြုံ ၂နှစ်) ကျား(၅)ဦး
၆။ Waiter & Sales Girls (၁၈-၂၅နှစ်ကြား) (၁၀)ဦး
၇။ Coffee Bar ကျား(၂)ဦး
၈။ Floor Manager(F & B လက်မှတ်ရ) (၃၀-၄၀နှစ်ကြား)၊ လုပ်သက်(၅)နှစ်၊ ကျား၊မ(၂)ဦး
၉။ Cashier(လုပ်ငန်းအတွေ့အကြုံ ၂နှစ်) မ(၂)ဦး
၁၀။ Driver(အညိုရောင်လိုင်စင်) (လုပ်ငန်းအတွေ့အကြုံ ၂နှစ်) ကျား(၂)ဦး
၁၁။ Cleaner (၃၀-၄၀နှစ်ကြား) မ(၂)ဦး
၁၂။ Mechanic(A.G.T.I or B.E)(၂၅-၃၅နှစ်ကြား) ကျား(၂)ဦး

ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမား၊ မှတ်ပုံတင်မိတ္တူ၊ တစ်လအတွင်းရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ အောင်လက်မှတ်အထောက်အထားအပြည့်အစုံတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လျှောက်ထားနိုင်ပါသည်။

GINZA PAN Food Center
အမှတ်(၂၉)၊ ဂျိုးဖြူလမ်း၊ အောင်ဆန်းကွင်း အနောက်ဘက်တန်း။

Job Vacancy
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Factory Manager / Operation Manager (Any Graduate)
- Q.C System ...
- Production / Management ... concept ...

၂။ Marketing Manager (Any Graduate)
- Team ...
- Marketing / Management ... concept ...

၄။ Operation Engineer B.E / AGTI (Civil) ၂ ဦး
- Q.C ...

၅။ Electrical Engineer AGTI / (Electrical) ၁ ဦး
- Electrical Installation ...
- ... HR Manager ...

သွားရိုက် / သွားအလှပြုပြင်ခြင်း(သီးသန့်) ဆေးခန်းများ
... AIDS ...
... BOBCAT (U.S.A) ...
9 Am - 8 PM

ကျောက်တန်းမြို့နယ် ကျေးလက်ရေပေးဝေရေး စစ်ဆေး မြို့ပြတံတားများ တည်ဆောက်ပြုပြင်မှု ကြည့်ရှု

ကျောက်တန်း ဇွန် ၂၅

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)ဦးကျော်နှင့် အဖွဲ့သည် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေပေးရေး ၁၀ နှစ် စီမံကိန်းအရ တူးဖော်ပေးခဲ့သော စက်ရေတွင်းများ၏ ကျေးလက်နေပြည်သူများအတွက် အကျိုးပြုမှုအခြေအနေ၊ ကောင်းမွန်မှု အခြေအနေကို ကျောက်တန်းမြို့နယ်အတွင်းရှိ ကြံပင်၊ ရွာသစ်ကြီး၊ ကျိုက္ကမော့၊ ရွှေပျောက်၊ ညောင်ဝိုင်းကျေးရွာများသို့ ဇွန် ၁၀ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မြို့ပြလမ်းတံတားများ တည်ဆောက်ပြုပြင်မှု လုပ်ငန်းခွင်သို့လည်းကောင်း၊ မြို့နယ်တွင်း သောက်သုံးရေအတွက် ဖြန့်ဝေပေးနေသော ဆင်ကန်ရေစက်များ ကြံ့ခိုင်မှု၊ ဖြန့်ဝေပေးနေသော ရေသန့်ရှင်းမှု ရှိ၊ မရှိအခြေအနေများကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (က-ပ)

ဇွန် ၁၃ ရက်က ကော့ကရိတ်ခရိုင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ကော့ကရိတ်–ကျုံဒိုးလမ်းဘေး ကိုးတိုင်ကျေးရွာတွင် ပြုလုပ်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင် သစ်ဆိမ့်ပျိုးပင်အား စိုက်ပျိုးပေးစဉ်။ (၅၃၀)

ဇွန် ၁၉ ရက်က ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် မပုတေးကျေးရွာ စာကြည့်တိုက်အား မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်း၊ ခရိုင်ပြန်ဆက် ဦးစီးအရာရှိ ဦးမြင့်အေးနှင့် ကျေးရွာဥက္ကဋ္ဌဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၄၈၁)

သောက်ရေကန် သန့်ရှင်းရေး စုပေါင်း ဆောင်ရွက်

ကျောက်ဆည် ဇွန် ၂၀

ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဇော်ဂျီရေစက်ရုံအမှတ်(၁)ရှိ အနယ်ထိုင်ကန်၊ ရေစစ်ကန်များ စုပေါင်းသန့်ရှင်းခြင်းနှင့် စက်ရုံဝင်းအတွင်း သာယာလှပရေး လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အဆိုပါ ရေကန်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလေးလွင်၊ ဦးစီးအရာရှိ ဦးအောင်လေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးညီညီသန့်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (က-ပ)

ကိုယ့်အားကိုယ်ကိုး တံတားတည်ဆောက်

ဘောလခဲ ဇွန် ၂၀

ဘောလခဲမြို့နှင့် ရေနီပေါက်ကျေးရွာဆက်လမ်း ကိုယ့်အားကိုယ်ကိုး သစ်သားတံတားခင်းခြင်းလုပ်ငန်းကို မြို့နယ် ပြည်သူ့ဆောက်လုပ်ရေး အင်ဂျင်နီယာက ကွပ်ကဲလျက် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရေနံပေါက်ကျေးရွာပြည်သူများက ပါဝင်တည်ဆောက်လျက်ရှိသည်။ တံတားတည်ဆောက်မှု လုပ်ငန်းခွင်သို့ မေ ၂၈ ရက် နံနက် ၁၁ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကံထွန်းနှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရေဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ကျုံပျော်မြို့နယ် အထောင်ကျေးရွာရှိ ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့ ကျေးလက်အိမ်ရာ ဆောက်လုပ်မှုအား ရှင်းလင်းတင်ပြစဉ်။ (က-ပ)

ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ပညာသင်ထောက်ပံ့ငွေနှင့် စာအုပ်များပေးအပ်

ပြင်ဦးလွင် ဇွန် ၁၃

ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက ရပ်ကွက်ကြီး (၇) အမှတ် (၁၁) အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် ပြင်ဦးလွင် တပ်နယ်မှူး၏ ဇနီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြူကြူလှ၊ ခရိုင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်စန်းတင့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညီညီလှတို့က ကျောင်းနေအရွယ် ကလေးများအား ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြူကြူလှ၊ ဒေါ်ခင်စန်းတင့်၊ ဒေါ်နန်းယုယုမော်တို့က ဗလာစာအုပ်များနှင့် ပညာသင်စရိတ် ထောက်ပံ့ငွေများကို ရပ်ကွက်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူ ၇၅ ဦးတို့အား ပေးအပ်သည်။ (၄၂၀)

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်သာယာလှပရေးအတွက် ဇွန် ၂၆ ရက် က ဒေးဒရဲမြို့ ဗိုလ်ချုပ်လမ်း တစ်လျှောက် ပန်းအလှပင်များကို အဖွဲ့ဝန်ထမ်းများက စိုက်ပျိုးကြရာ အမှုဆောင် အရာရှိ ဦးသက်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်ပြန်/ဆက်)

ကျေးလက်အိမ်ရာဆောက်လုပ်ရေး ကွင်းဆင်းစည်းရုံး

ချောင်းဦး ဇွန် ၂၃

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင့်လွင်ဦးတို့သည် ဇွန် ၂၃ရက်တွင် ချောင်းဦးမြို့နယ် အမြင့်ကျေးရွာ ကျေးလက်ဈေး သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် ကျေးလက်အိမ်ရာများ ဆောက်လုပ်ရေးအတွက် ကွင်းဆင်းစည်းရုံး ဆောင်ရွက်သည်။ ဆောက်လုပ်ရန် လျာထားပြီး ပထမအသုတ် ကျေးလက်အိမ်ရာ ၁၅ လုံး ဆောက်လုပ်ရေးအတွက် ကျေးလက်များသို့ ကွင်းဆင်းစည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ကဝမြို့နယ် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို ဇွန် ၁၆ ရက်က ဖိုးရိုးစုကျေးရွာ၌ ပြုလုပ်ရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်အောင် နိုင်ငံသား စိစစ်ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်စဉ်။ (က-ပ)

စည်းရုံးဆောင်ရွက်

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်အိမ်ရာ ၂၀ လုံး ဆောက်လုပ်ရေး စည်းရုံးဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်အိမ် အလုံး ၅၀

လယ်ဝေးမြို့နယ်၌ သစ်ပင်စိုက်ပျိုး

လယ်ဝေး ဇွန် ၂၀

ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ကမ္ဘာ့နီကျေးရွာသစ် ကုန်းသာယာရွာတွင် ၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်များစုပေါင်း စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှုတင်၊ သစ်တောဦးစီးအရာရှိ ဦးအောင်မင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာပြည်သူများ၊ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ အပါအဝင် အင်အား ၁၃၂၀ ဦး တက်ရောက်ပြီး၊ ကျေးရွာလမ်းဘေးဝဲယာနှင့် အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ သစ်ပင်ပေါင်း ၂၇၈၄ ပင် စိုက်ပျိုးခဲ့ကြသည်။

(မြို့နယ်ပြန်/ဆက်)

ဝန်ထမ်းသားသမီးများ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ချောင်းဆုံ ဇွန် ၂၆

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က မြို့နယ်(ထွေ/အုပ်) ရုံးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝင်းက အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးအား ငွေကျပ် ၇၁၀၀၀ ကို အုပ်ချုပ်ရေးမှူးဦးဝင်းက ဝန်ထမ်းမိသားစုအား ထောက်ပံ့ပေးအပ်ခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ဘန်းကချွန်ကျေးရွာ စာကြည့်တိုက်ဖွင့် မဂ္ဂဇင်းနှင့် စာစောင်များ ပေးအပ်လှူဒါန်း

ကော့သောင်း ဇွန် ၂၀

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကော့သောင်းခရိုင် ဘန်းကချွန်ကျေးရွာ အုပ်စု ဘန်းကချွန်ကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၃ ရက်က အဆိုပါကျေးရွာ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျေးရွာ စာကြည့်တိုက်ကို ခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေး၊ ခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်မေခိုင်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာကော်မတီမှ ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်းနှင့် စာစောင်များကို ပေးအပ်လှူဒါန်းသည်။ **(ခရိုင်ပြန်/ဆက်)**

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဇွန် ၁၈ ရက်က ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (၁၂၆)

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်သုံးသိန်း ပြည့်မီရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် ပျိုးထုပ်များ ထုပ်ခြင်း၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းကို ဇွန် ၁၉ ရက်က ခရိုင်ပျိုးဥယျာဉ်အတွင်း ဆောင်ရွက်ခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

ကျန်းမာရေး ပညာပေးဟောပြော

ကောလင်း ဇွန် ၂၀

ကောလင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျေးလက်ကျန်းမာရေး ပညာပေးဟောပြောပွဲကို ဇွန် ၇ ရက်က ကောလင်းမြို့နယ် ကျောက်ပြင်သာ နယ်မြေတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်မာမာလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာသူဇာဌေးနှင့် ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်မာမာလွင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာသူဇာဌေးက **ဆေးလိပ်နှင့် ကျန်းမာရေး သင်ကြိုက်ရာရွေး** အကြောင်းကို ဟောပြောသည်။ (၂၁၄)

ကျေးလက်လမ်းအတွက် ကျောက်များစုဆောင်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

ဟိုပင် ဇွန် ၂၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေကျပ် ၅၃ ဒသမ ၄ သိန်းဖြင့် ဆောင်ရွက်မည့် ပေရှည် ၂၁၁၀ ရှိသော ဂါတ်ကုန်း၊ နန်ရင်းကျေးလက်လမ်း၊ ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကျောက်များဝယ်ယူ စုဆောင်းထားလျက်ရှိသည်။

ထိုသို့ ကျောက်များ ဝယ်ယူထားရှိမှုကို ဟိုပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်၊ ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအင်ခွန်အောင်တို့ ဇွန် ၂၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပျိုးပင်စုပေါင်းစိုက်ထည့်

ဇွန် ၁၁ ရက်က သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ (လ/ထညွှန်ကြားရေးမှူး) ဦးသန့်ဇင်နှင့် ဝန်ထမ်းများက သီပေါမြို့နယ် အစဉ်ထာဝရ သာယာလှပရေးအတွက် မြို့နယ်အတွင်း လမ်းဘေးဝဲ၊ ယာများတွင် ပန်းအလှပင်များ စိုက်ပျိုးနိုင်ရန် အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ စုပေါင်းစိုက်ထည့်ကြစဉ်။ (က-ပ)



LYEC

မူလတန်း – အလယ်တန်း

ကလေးများအတွက် အင်္ဂလိပ်စာ

* English Courses
* GCE Courses
* Grammar
* Speaking

အမှတ်-၄၃၊ ငွေလရောင်လမ်း၊ဦးချစ်မောင်လမ်းဆုံ၊ ဗဟန်း။ ဖုန်း - ၅၄၄၇၂၈။

အမည်ပြောင်းခြင်း

ဦးထွန်းအောင်၏သမီး အထက (၃) တာမွေ၊ ဒသမတန်း(A)မှ မဖြူဖြူအိအား ယနေ့မှစ၍မဖြူဖြူသင်းဟုအမည်ပြောင်းလဲခေါ်ပါရန်၊ မွေးသက္ကရာဇ်အမှန်မှာ ၇-၉-၈၉ ဖြစ်ပါသည်။ **မဖြူဖြူသင်း။**

အမည်မှန်

အထက(၁) မြောက်ဥက္ကလာ၊ ဆဋ္ဌမတန်း(F)မှ (ဘ) ဦးမြင့်လွင်၏ သားမောင်ကိုကိုထက်လွင်၏ အမည်မှန်မှာ မောင်ကောင်းထက်လွင်ဖြစ်ပါကြောင်း။ **မောင်ကောင်းထက်လွင်။**



သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့ အကွက်(၁၂၈)၊ ၁၈ X၁၉ လမ်းကြား မာလကာခြံ ရပ်နေ ကျွန်မ၏သားဖြစ်သူ မောင်ဆန်းမင်းဦး [၉/မနမ(နိုင်) ၁၂၁၆၀၂]သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ) လုံးဝတာဝန်မယူပါ။

မိဘ
ဒေါ်တင်ကြည်
[၉/မနမ(နိုင်)၀၁၀၆၄၅]။

မွေးနေ့ဆုတောင်း

အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ကြီး ဒေါ်စက်ဝင်း၏ ၁၃၆၆ခု၊ ပထမဝါဆိုလဆန်း ၁၄ရက် (၃၀-၆-၂၀၀၄)နေ့တွင်ကျရောက်သော (၇၉)နှစ်ပြည့်မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

သား – ကိုတင်မောင်အေး(ရွှေမိုးသာကုမ္ပဏီ)
သမီး – မမွန်မွန်နိုင်
မြေး – မောင်ကောင်းစံဝင်း

မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးသံခဲ-ဒေါ်သန်းသန်းငွေးတို့၏သား

ဗိုလ်ကြီးအောင်သူဟိန်း B.Sc(DSA)တပ်မတော်(လေ)

ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန(မကွေးတိုင်း)

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးတင်ရွှေ-ဒေါ်ခင်လှကြည်တို့၏သမီး

မဇာခြည်ဖြူဖြူရွှေ B.Sc(Physics), DAP. II

တို့၏ ၂၆-၆-၂၀၀၄ရက်နေ့တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဆည်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော ဌာနချုပ်မှူး ဗိုလ်မှူးကြီးရဲချစ်ဖေနှင့်ဇနီး ဒေါက်တာဒေါ်ခင်မာဦး၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော မြန်မာ့စီးပွားရေးဘဏ် ဒုတိယအထွေထွေမန်နေဂျာ၊ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်နှင့် ဇနီး ဒေါ်ခင်ခင်ငွေ၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ ၂၃-၆-၂၀၀၄ရက်တွင် တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးထွန်းကြည်အားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ The Aces တေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မေတ္တာဖြင့် မင်္ဂလာ တေးသီချင်း လက်ဆောင်သီဆိုပေးသော တပ်ကြပ်မြတ်စိုး(တပ်မတော်-လေ)အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်နှင့် ပန်းအလှပြင်ပေးသော ခင်စန်းဝင်းနှင့်ခင်မောင်ဝင်း၊ သတို့သားအရံ ဗိုလ်ကြီးထွန်းမင်းလတ်၊ ဗိုလ်ကြီးအောင်သွင်စိုးနှင့် သတို့သမီးအရံ မလေးလေးနွယ်၊ မသီရိသစ္စာခိုင် တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မပိုးနန္ဒာအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးသော ညီမလေးစုသက်နန္ဒာရွှေ၊ မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးသော မခင်စန္ဒာလင်းအားလည်းကောင်း၊ ဓာတ်ပုံ/ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော Sweet အဖွဲ့၊ မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟဂုဏ်သရေရှိ လူကြီးများနှင့်ဇနီးများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ပေးသော ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဆည်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်သူဟိန်း-မဇာခြည်ဖြူဖြူရွှေ။

လက်ထပ်ပြီးစီးခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်းအောက်ရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်(၁၂၁)နေ

ဦးမြင့်ဆွေ-ဒေါ်နန်းလှတို့၏သား

စိုင်းသီဟ B.Sc (Zoology)

နှင့်

နမ့်ခမ်းမြို့၊ ပေါက်နေရပ်ကွက်၊ ပါတီလမ်း၊ အမှတ်(၂၄၃)နေ ဦးစိုင်းကျော်ဝင်း-ဒေါ်နန်းအောင်တို့၏သမီး

နန်းစံဟွမ် B.Sc (Maths)

Project Manager (Queen Star Computer Center)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ ၂၈-၆-၂၀၀၄ နေ့တွင် နမ့်ခမ်းမြို့၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် စိုင်းသီဟ-နန်းစံဟွမ်။

ရွှေမင်းဝန် ဦးဘုန်းမြင့်

TAKE TO HEART!

ရင်ထဲမှာသိမ်းထားမယ်

★ ဘာကို ရင်ထဲမှာ သိမ်းထားရမှာလဲ။
★ နားဝင်ချိုတဲ့စကား၊ ဝါကျလေးတွေပေါ့ ။

SHORT-CUTS စာအုပ်ရဲ့ KEY ဖြစ်လို့ ဖတ်ကြည့်ရင် ပီတိဖြစ်ပါလိမ့်မယ်။

ခွင့်ပြုချက် ၄၉၂/၂၀၀၄/၆ — အထူးထုတ်ထွက်ပြီ

ဖြန့်ချီရေး- ရွှေမင်းဝန်စာပေ
အမှတ် (၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊တာမွေ၊ ရန်ကုန်။
ဖုန်း- ၅၄၄၂၀၇၊ ၅၄၉၉၃၈

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၆၆)

ရန်ကုန်တိုင်းတရားရုံးတော်၌

၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈၇/၂၀၀၃

ဘရိုက်စကိုင်းဘလူးမြန်မာကုမ္ပဏီလီမိတက် — **တရားနိုင်**
(၎င်းအတွက်အုပ်ချုပ်မှု ဒါရိုက်တာ ဦးစံလင်း)
အမှတ်-၈၁၊ ၁၂၃လမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်တိုင်း။

နှင့်

ဦးသိန်းဝင်း — **တရားရှုံး**
(အမှတ်-၈၁၊ မြေညီထပ်၊ ဝဲဘက်ခန်း ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက် တာမွေမြို့နယ်၊ ရန်ကုန်တိုင်း)

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၉၅/၉၇တွင် (၁၇-၇-၂၀၀၂)ရက်စွဲပါ အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် (၂၀၀၄ခုနှစ်၊ ဇူလိုင်လ၂၈ရက်နေ့) နံနက်(၁၀း၀၀)နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်အလက်များမှာ ရုံးတော်က သတင်းစကား ရရှိနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ယူမည်မဟုတ်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်း အခုန်ဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူ ဖြစ်ကြောင်း ပြဌာန်းလိမ့်မည်၊ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေ ရမည့်အပြင် အမြင့်ဆုံး တိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့် လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် အရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရမည်။

၄။ အမိန့်နံပါတ်(၂၁)၊ နည်းဥပဒေ-၆၉ပါ ပြဌာန်းချက်များကို အမြဲအထောက် အကူပြုရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်း ဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ချိန်းဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကိုချက်ချင်း တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်ယူသူအဖြစ် ပြဌာန်း ခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေ(၁၀၀)လျှင် (၂၅)ကျပ်ကျသည့် သကဲ့သို့ ပြဌာန်းပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းခြင်းမပြုဘဲ ပျက်ကွက်ခဲ့လျှင် ပစ္စည်းကိုချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးတွင် ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်နေ့ကိုပယ်၍ ပစ္စည်းကိုရောင်းပြီးနောက် (၁၅)ရက်မြောက်နေ့တွင် ရုံးမဆင်းမီပေးဆောင် ရ၍ (၁၅)ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ် ရက်နေ့တွင်သော်လည်းကောင်း၊ ၎င်း(၁၅)ရက်မြောက်နေ့နောက် ရုံးပထမ ဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရန်ကျန်ငွေကို မပေးဆောင် ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်း တစ်ဖန်ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်းကောင်း၊ ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်ကသင့်သည် ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံ၍ ငွေမပေးမဆောင်ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန်ရောင်းချရရှိသည့်ငွေ တစ်စိတ်တစ်ဒေသ ကိုဖြစ်စေ၊ ဆိုင်ရာအရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၀၄ခုနှစ် ဇွန်လ(၁၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လှအေး
တွဲဖက်တိုင်းတရားသူကြီး(၁၃)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မြေကွက် အမှတ်(၂၉၈-က)၊ နှစ်(၆၀)ဂရန်မြေ အမျိုးအစား၊ အလျား၂၀ပေ x အနံ၆၀ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေမြေနှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်(၁)လုံးနှင့် အကျိုးခံစားခွင့်များ။

အဆိုပါလေလံတင်ရောင်းချမည့် ပစ္စည်းကြမ်းခင်းဈေးမှာ ငွေကျပ် ၄၀,၀၀၀၀၀/-(ကျပ်သိန်းလေးဆယ်တိတိ)ဖြစ်ပါသည်။



ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း၂၀(၁)]

သထုံမြို့နယ်တရားရုံး

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

မရင်သန်း	**နှင့်**	**မောင်ကျော်မျိုးထွန်း**
ပေါ်တော်မူကျေးရွာ သထုံမြို့နယ်။		မီးရထားကုန်းအမှတ်(၃)ရပ်ကွက်၊ သာစည်မြို့။
(တရားလို)		**(တရားပြိုင်)**

အထက်ပါအမှုမှ တရားပြိုင်မောင်ကျော်မျိုးထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလိုက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံးတွင်းအမိန့်ရ ရှေ့နေဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုခွင့်ရှိသူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဇူလိုင်(၁၅)ရက်၊ ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော်(၁၄)ရက်နေ့ မွန်းမတည့်မီ(၁၀း၀၀)နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူတရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက် ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်လျှောက်လွှာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်၊ ၎င်းပြင်တရားလိုကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့်သင်ထုချေတင်ပြအမှီ ပြုလိုသည့်စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇွန်လ(၁၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝင်းဝင်းနိုင်
တွဲဖက်မြို့နယ်တရားသူကြီး
သထုံမြို့နယ်တရားရုံး။

ဒေါ်သိန်းဦးနှင့်အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာချက်

၁၆-၆-၂၀၀၄နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)ပါ အမှတ်-၅၃၊ တောလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်နေသူ ဒေါ်သိန်းဦး၏ လွှဲအပ် ညွှန်ကြားချက်အရဟုဆိုကာ တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်ချို၏ ဒေါ်ခင်မြဝင်းနှင့် အများသိစေရန် ကြေညာချက်သည် လုံးဝမှန်ကန်ခြင်းမရှိပါ။

ဒေါ်ခင်မြဝင်းသည် ဒေါ်သိန်းဦးထံမှဖြစ်စေ၊ အခြားတစ်စုံတစ်ဦးထံမှဖြစ်စေ ငွေများလက်ခံရယူပြီး ကိုယ်ကျိုးအတွက် သုံးစွဲထားခဲ့ခြင်းမရှိပါ။ ဒေါ်သိန်းဦး၏ ညီမ ဒေါ်အေးအေးသိန်းထံမှ ငွေများကို ဒေါ်သိန်းဦးကရယူလျက် ဒေါ်ခင်မြဝင်းနှင့် အတူ တတိယလူဒေါ်ရှုရီ(ခ)ဒေါ်ခင်ကြည်အား အတိုးဖြင့်ချေးငှားပြီး ဒေါ်သိန်းဦး နှင့် ဒေါ်ခင်မြဝင်းတို့သည် တစ်ယောက် ၁/-စားစီ အတိုးစားကြသူများသာ ဖြစ်ပါသည်။ ဒေါ်သိန်းဦးပိုင်ငွေများလည်းမဟုတ်ပါ။

သီရိခေမာရပ်ကွက်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး သို့ ဒေါ်ခင်မြဝင်းဘက်မှ ကိုယ်တိုင်မလာရောက်နိုင်ခြင်းကိုလည်းကောင်း၊ မျက်နှာ စုံညီဖြေရှင်းရန် အကြောင်းမရှိကြောင်းကိုလည်းကောင်း အသိပေးခဲ့ပြီး၊ မည်သည့် အခါကမျှ ပြေပြေလည်လည် အေးအေးဆေးဆေးဖြစ်စေလိုကြောင်း ပြောကြား ခဲ့ခြင်းမရှိပါ။

ဒေါ်သိန်းဦးကိုယ်တိုင် ငွေကျပ် ၁၀သိန်းလက်ခံရယူသွားပြီးဖြစ်သဖြင့် ပြေလည်စွာ ဖြေရှင်းခဲ့ပြီးလည်းဖြစ်ပါသည်။ ဒေါ်ခင်မြဝင်း၏အကျိုးဆောင်ထံမှ ၃-၆-၂၀၀၄နေ့စွဲပါ စာအမှတ်-တထ/၀၁၃/၂၀၀၄အရ ဖြစ်ရပ်မှန်တို့ကို ရှင်းလင်း ပြန်ကြားပြီးဖြစ်ပါလျက် ယခုကဲ့သို့ ဒေါ်သိန်းဦးက အများသိစေရန်ဟုဆိုကာ သတင်းစာတွင်ထည့်သွင်းကြေညာခြင်းသည် ဒေါ်ခင်မြဝင်းအား ဂုဏ်သိက္ခာ ကျဆင်းစေလျက် အရှက်ရစေရန် တမင်ရည်ရွယ်ကြောင်း ပေါ်လွင်လျက်ရှိပါသည်။

ငွေရှင်မဟုတ်သူ ဒေါ်သိန်းဦး၊ ဒေါ်ခင်မြဝင်းကဲ့သို့ အတိုးအပေါ် တစ်ယောက် ၁/-စီစားသူ ဒေါ်သိန်းဦးမှ သတင်းစာမှနေ၍ မမှန်မကန်ဖော်ပြ တောင်းဆိုသော တောင်းဆိုချက်ကို ဒေါ်ခင်မြဝင်းအနေဖြင့် ဥပဒေအရ လိုက်နာ ရန် အကြောင်းမရှိကြောင်း ဒေါ်သိန်းဦးနှင့် အများသိစေရန် ပြန်ကြားကြေညာ အပ်ပါသည်။

ဒေါ်ခင်မြဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ထွန်း(Johnian)
တရားရုံးချုပ်ရှေ့နေကြီး(၁၁၇၃)
မြဝတီဘဏ်အကျိုးဆောင်
အမှတ်-၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အမြန်ရောင်း

* တိုက်၃၊ အခန်း-၃၊ မြေညီ 15x50 အေးရိပ်မွန်၊ လှိုင်
* တိုက်၆က၊ အခန်း-၂၊ မြေညီ 14x48 HK ၂လွှာ၊ တာမွေ ကန်တော်ကြီးပတ်လမ်း၊
* တာမွေ၊ ယုဇနပလာဇာနောက် 80' x80' မြေပေါ်(၁)ထပ်တိုက် 3000ft² လူနေပစ္စည်းထား၊

Ph: 515065

ရောင်းမည်

မထသ(၃၃)လိုင်းတွင် လက်ရှိ ပြေးဆွဲနေသော Isuzu Aircons Bus ၅ခ/၃ထောင်ကျော်ကားရောင်းမည်။

စုံစမ်းရန်- Ph:295713

အမြန်ရောင်းမည်

အမှတ်၇၃(A)(၄လွှာ)အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ဗဟန်းမြို့နယ်။ အဆင့်မြင့် ပြင်ဆင်ပြီး၊ Air Con ပါ။

ဖုန်း-၀၉၈၀ ၂၁၃၈၃၊ ၅၄၂၆၃၇။



(၂)နှစ်ပြည့်လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်တင်မြ(ခ)ဒေါ်ဘေဘီ(ခ)ဒေါ်မြချစ်

မေမေ မိသားစုနှင့်ခွဲခွာသွားသည်မှာ ၃၀-၆-၂၀၀၄ရက်တွင် (၂)နှစ်ပြည့်မြောက်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှလွမ်းဆွတ်သတိရလျက်ရှိပါသည်။ မေမေအတွက်ရည်စူးပြီး ရွှေတိဂုံစေတီတော်တွင် လျှပ်စစ်မီးပူဇော်ခြင်း၊ ညောင်တုန်းကျောင်းတိုက် ဆွမ်းစားဆောင်ဆောက်လုပ်ရာတွင် ထည့်ဝင်လှူဒါန်းခြင်း၊ ဗုဒ္ဓဟူးနေ့တိုင်း သံဃာတော်များအား ဆွမ်း၊ ခဲဖွယ်လှူဒါန်းရခြင်းနှင့် သိမ်ဖြူကျောင်းတိုက်တွင် ရေကန်လှူဒါန်းရခြင်းတို့မှရရှိသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှနေ၍ သာဓု-သာဓု-သာဓုခေါ်ဆိုနိုင်ပါစေ---။

ဖေဖေ-ဦးတင်ကြီးနှင့်သားသမီးများ။

ကြိုဆိုဂုဏ်ပြုခြင်း

သမဝါယမဘဏ်လီမိတက် **C B BANK** သည်
အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Limited Company)အဖြစ်
(၁၅-၆-၂၀၀၄) ရက်နေ့မှ အစပြု၍ နိုင်ငံမှာစွာပေါ်ပေါက်လာသည့်အတွက်
လှိုက်လှဲစွာကြိုဆိုဂုဏ်ပြုအပ်ပါသည်။

ဦးမျိုးခင် + Dr. ဒေါ်ကြည်ကြည်အောင်

Myanmar K. Limited.

လုံးချင်းတိုက်အမြန်ရောင်းမည်

အမှတ်(H-၁၅၀)၊ ရွှေသရဖီ(၅)လမ်း၊ (၆၀'X ၈၀')ခြံပေါ်ရှိ AC (၂)ထပ်တိုက်ပါ။ FMI City ပဒေသာပင်မြို့တော်၊ လှိုင်သာယာ။ (ညှိနှိုင်းဈေး)

ဆက်သွယ်ရန် - ၀၁-၂၅၀၆၄၄၊ ၀၉-၉၉၂၅၈၆၈။

အလုပ်ရုံငှားမည်

တောင်ဒဂုံ၊ ၆၄ရပ်ကွက်၊ စက်မှုဇုန်(၂) 80' x 60' မြေကွက်ပေါ်ရှိ အိမ်နှစ်လုံး (ပါဝါမီတာ 30KV နှစ်လုံးပါဝင်)။

ဖုန်း-၅၂၇၆၅၄၊ ၀၉-၈၀-၂၂၉၈၃။



ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်း၊အလုံမြို့နယ်၊ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အိမ်အမှတ်(၄၄)၊ (၂)ခန်းတွဲ ခုနစ်ထပ်တိုက်ရှိ မြေညီထပ်၊ (ခေါင်းရင်းတိုက်ခန်း)ကို အမွေဆက်ခံပိုင်ဆိုင်သူများ ဖြစ်ကြသော ဒေါ်စန်းမြင့်၊ ဒေါ်မြင့်သန်း၊ ဒေါ်နီနီဝင်းနှင့် ဦးသိန်းဝင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးအောင်
B.A, R.L,D.B.L
တရားရုံးချုပ်ရှေ့နေ
အမှတ်(၁၆၀)၊ ၄၀ လမ်း၊
ဥဿာရပ်ကွက်၊ အလုံမြို့နယ်။
ဖုန်း-၂၂၃၇၉၆။

ကန့်ကွက်နိုင်ပါသည်

မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ်-၁၄(က) (၅၀'X ၇၀')ရှိမြေကွက်နှင့် အကျိုးခံစားခွင့်ကို ကျွန်ုပ်၏မိတ်ဆွေက ဒေါ်ဝင်းမင်းခိုင် [၁၃/တကန(နိုင်)၀၅၇၈၃၀]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ပိုင်ဆိုင်ကြောင်း အထောက်အထားနှင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း၊ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမှတ်(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဦးစိန်လှိုင်၊ စစ်မှုထမ်း(ငြိမ်း) တရားရုံးချုပ်ရှေ့နေ-၂၀၁၆။

အလယ်တောရ ပရိယတ္တိကျောင်းတိုက်ရှိ

အဆောက်အအုံများ၊ ပစ္စည်းများ ငှားရမ်းခြင်း၊ လေလံတင်ခြင်း အရောင်းအဝယ်ပြုလုပ်ခြင်းများအား တားမြစ်ခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အလယ်တောရ ပရိယတ္တိစာသင်တိုက်သည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးမှ ကြီးကြပ်၍ သာသနာရေးဦးစီးဌာနက ထိန်းချုပ်ထားပါသဖြင့် ဖော်ပြပါကျောင်းတိုက်တည်ရှိရာ မြေ၊ ယင်းမြေပေါ်ရှိ အဆောက်အအုံနှင့် ပစ္စည်းများအား ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လေလံတင်ရောင်းချခြင်း အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ပါရန် တားမြစ်ပါသည်။

လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဂေါပကအဖွဲ့
အလယ်တောရ ပရိယတ္တိစာသင်တိုက်၊ ဗဟန်းမြို့နယ်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဝါးခယ်မမြို့နယ်တရားရုံး၌
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ဒေါ်သီတာဦး နှင့် **ဦးအောင်မြိုင်**
(ဘ) ဦးထွန်းပု
[၁၄/ဝခမ(နိုင်)၁၁၃၁၄၁]
ပြင်ပဆောက်လုပ်ရေးအင်ဂျင်နီယာ

တရားလို **တရားပြိုင်**

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၊ အသင်းခွဲရုံးနှင့် စာကြည့်တိုက်၊ ဝါးခယ်မမြို့နေ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇူလိုင်လ ၇ရက်(၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇွန်လ ၁၇ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဦးတင်မြ
တွဲဖက်မြို့နယ်တရားသူကြီး
ဝါးခယ်မမြို့နယ်တရားရုံး။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ခရိုင်တရားမရုံး၌
၂၀၀၄ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၅၅
ကွယ်လွန်သူဦးချစ်စံဝင်း၌ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

အမှတ်(၂၃)၊ ၁၄၇လမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာဇာလွင်က ကွယ်လွန်သူ ဦးချစ်စံဝင်း၏ ဇနီးဖြစ်သည်ဟူ၍ MV.ARONT.103သင်္ဘောပေါ်တွင် အလုပ်လုပ်ကိုင်ရင်း ကွယ်လွန်သူ ဦးချစ်စံဝင်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးချစ်စံဝင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ် ဇူလိုင်လ၉ရက်(၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ရက်နေ့)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဒေါ်ဇာဇာလွင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် ဇွန်လ၁၆ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်မောင်(တ/၁၅၃၀)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ရဟန်း ဒါယကာကြီး

ဦးစောမောင်(ဇွမြို့) အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စံပယ်လမ်း၊ အမှတ်(၈)၊ ၅လွှာ၊ စောရန်ပိုင် အနောက်ရပ်ကွက်နေ ဒေါ်တင်သိန်း၏ချစ်လှစွာသော ခင်ပွန်း၊ ကိုကျော်သာဦး(SMI Co., Ltd.)-မသင်းသင်းအေး၊ မသန်းသန်းဌေး၊ ကိုတင့်နိုင်၊ မနန်းမြမြဝင်း၊ မလှလှထွေးတို့၏ ချစ်လှစွာသော မွေးသဖခင် ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၀၄ (တနင်္လာ)နေ့ နံနက်၈နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃၀-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်ဝင်း အသက်(၆၀)

Director, Ericsson Company, Sweden
(RETIRED)
(ပုသိမ်)

ပုသိမ်မြို့နေ (ဦးလှမောင်–ဒေါ်ခင်နွဲ့)တို့၏ သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉၉–A/၂/၁)၊ သံလွင်လမ်းနေ (ဦးတင်ဝင်း၊ ဒေါ်လှခင်)တို့၏ သားသမက်၊ဒေါက်တာဒေါ်ခင်အေးမူ(မေ့ဆေး)၏ ချစ်လှစွာသောခင်ပွန်း၊ မခင်သီရိဝင်း APO (UNICEF)၊ မောင်ဥက္ကာဝင်း(ခေတ္တ–UK)၊ မောင်ချမ်းမြေ့ဝင်း(ခေတ္တ–USA)တို့၏ ချစ်လှစွာသောဖခင်၊ ဦးမြင့်အေး–ဒေါက်တာမာလာယဉ် (UK)၊ ဗိုလ်မှူးချုပ်မြင့်စိုး–ဒေါ်မာလာမြင့်၊ ဦးတင်ထွန်း(Ericsson)-ဒေါ်သူသူဝင်း၊ ဦးသန်း(ငြိမ်း 2nd Engineer (UNITEAM MARINE Co., Ltd)–ဒေါ်လှ လှဝင်းတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဗညားစိုး၊ ဖြိုးဝေစိုး၊ မျိုးဝေစိုး၊ မင်းထူးနိုင်၊ ခင်ဖြူစင်ဝင်း၊ ခင်သိမ့်ရည်ဝင်း၊ ခင်ရည်မွန်ဝင်းတို့၏ ချစ်လှစွာသောဘကြီး ဦးဝင်းမြင့်သည် ၂၉–၆–၂၀၀၄ရက် နံနက် ၅း၃၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁–၇–၂၀၀၄(ကြာသပတေးနေ့) နံနက်၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်ဝင်း အသက်(၆၀)

Director, Ericsson Company, Sweden
(RETIRED)
(ပုသိမ်)

ပုသိမ်မြို့နေ (ဦးလှမောင်–ဒေါ်ခင်နွဲ့)တို့၏ သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉၉–A/၂/၁)၊ သံလွင်လမ်းနေ ဒေါက်တာဒေါ်ခင်အေးမူ(မေ့ဆေး)၏ ချစ်လှစွာသောခင်ပွန်း၊ မခင်သီရိဝင်း APO (UNICEF)၊ မောင်ဥက္ကာဝင်း(ခေတ္တ–UK)၊မောင်ချမ်းမြေ့ဝင်း(ခေတ္တ–USA)တို့၏ ချစ်လှစွာသောဖခင်၊ ပုသိမ်မြို့နေဦးမြင့်ဦး၏ ညီ၊ ဦးမြင့်သန်း(ERICSSON)–ဒေါ်ခင်ချို၊ ဦးမြင့်စိုး၊ ဦးတင်ထွန်း(ERICSSON)–ဒေါ်သူသူဝင်း၊ ဦးထင်ကျော်–ဒေါ်အေးအေးမြင့်တို့၏ အစ်ကိုကြီး၊ မခင်သန္တာမြင့်၊ မောင်ထက်အောင်မြင့်၊ မခင်ဖြူစင်ဝင်း၊ မခင်သိမ့်ရည်ဝင်း၊ မောင်အာကာကျော်တို့၏ ချစ်လှစွာသောဘကြီး ဦးဝင်းမြင့်သည် ၂၉–၆–၂၀၀၄ရက် နံနက် ၅း၃၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁–၇–၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၂၆–၆–၂၀၀၄ ရက် နံနက် ၅း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားသော နော်ရှည်စော အသက်(၅၁)နှစ်အား မကျန်းမာစဉ်က ပြုစုကုသပေးကြသော ဆရာဝန်ကြီးများ၊ သူနာပြုများ၊ သိက္ခာတော်ရ ဆရာကြီးများအား လည်းကောင်း၊ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းများအား လည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် လာရောက်ကူညီကြသော အသင်းတော်များမှ သိက္ခာတော်ရ ဆရာတော်များ၊ ဆရာများ၊အသင်းသားများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

၃–၇–၂၀၀၄ ရက် နံနက် ၉ နာရီတွင် နော်ရှည်စောအတွက် အောက်မေ့ဖွယ် ဝတ်ပြုကိုးကွယ်ခြင်း အစည်းအဝေးကျင်းပမည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းကြည် အသက်(၇၇)နှစ်

(ထန်းမနိုင်၊ မော်ဘီ)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ(၃)လမ်း၊ အမှတ်(၆၂၇/A)နေ (ဦးအောင်လှ–ဒေါ်စိမ်းညွန့်)တို့၏ သမီး၊ [ဦးသောင်းညွန့် (ဗိုလ်ကြီး၊ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးတင်ဝင်း (အင်ဂျင်နီယာ)–ဒေါ်အေးဝင်း(နှင်းဝေဝေစတိုး၊ အမှတ်(၂၂၉)၊ ၄၀ါလမ်း၊ အလုံ)တို့၏ မွေးသမိခင်၊ မမေနှင်းအေး(1st Yr E.P.H)၊ မောင်ဖြိုးဝေဝင်း(XB TTC)တို့၏ ချစ်လှစွာသောအဘွားသည် ၂၉–၆–၂၀၀၄(အင်္ဂါနေ့)တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

(ကွယ်လွန်သူအားရည်စူး၍ ၅–၇–၂၀၀၄ရက်တွင် အထက်ပါ ရွှေနှင်းဆီ(၃)လမ်းနေအိမ်၌ ရက်လည် ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်လှိုင် အသက်(၇၁)နှစ်

(ဂီတစာဆိုစောယုလှိုင်)
စား/ဖျော်–ရှင်း(ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၃၀၂)နေ (ဦးမောင်ခင်–ဒေါ်အေးကြည်)တို့၏ သား၊ (ဦးဘိုးရှိန်–ဒေါ်စိန်ဖော့)တို့၏ သားသမက်၊ (ဦးလှ)–ဒေါ်လှကြည်၊ (ဦးလှမောင်)တို့၏ တူ၊ ဦးထွန်းအောင်–ဒေါ်လှမြင့်၊ ဦးလှဖေ–ဒေါ်ကျင်ငွေတို့၏ မောင်၊ ဒေါ်ကျင်ရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဘိုသောင်း–ဒေါ်စန်းစန်းဝင်း၊ ဒေါ်ဝင်းဝင်းမြင့်(၃၃၃စတိုး၊မရှေ့ပင်းစင်တာ)၊ ဒေါ်ဝင်းဝင်းမြိုင်(မဝါ)တို့၏ ချစ်လှစွာသောဖခင်၊ မသန့်ရှန်းလတ်သောင်း (XAအထက–၂၊ကမာရွတ်)တို့၏အဘိုးသည် ၂၈–၆–၂၀၀၄(တနင်္လာနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းအမကြီး

ဒေါ်ကြူ (၈၂)နှစ်

ရန်ကုန်မြို့၊အမှတ်–၈၇၊လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးရန်နိုင်–ဒေါ်ကြင်)တို့၏သမီး၊ (ဒေါ်ကြည်)၊ ဒေါ်ဝင်းစိန်တို့၏ညီမ၊ ဒေါ်အုန်းကြည် (ဦးကြည်သန်း)တို့၏အစ်မ၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်ချိုချိုဝင်း၊ ဦးထွန်းအောင်–ဒေါ်ခင်ခင်မူ၊ ဒေါ်နီလာ၊ ဒေါ်မိုးမိုးအေးတို့၏အဒေါ်၊ မောင်မင်းသက်ဟန်မြတ်ကဥ္စနာတို့၏အဘွား ဒေါ်ကြူသည် ၂၉–၆–၂၀၀၄ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁–၇–၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီ တွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှကားများနံနက် ၁၀နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးအောင်မြင့်(ငြိမ်း) အသက်(၅၄)နှစ်

ဒုတိယညွှန်ကြားရေးမှူး၊စက်မှုစက္ကူဓာတု
(သာပေါင်း)

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နေ ပရီးမီးယားဆေးတိုက်ပိုင်ရှင်(ဦးမြသန်း–ဒေါ်ခင်သိန်း)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးပွ–ဒေါ်အေးရင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၃၀/၁၃၉) နေ ဒေါ်မြင့်မြင့်ကြည်၏ ခင်ပွန်း၊ မောင်အောင်နိုင်ဦး၊ မအေးမြသူ၊ မောင်အောင်မြင့်သူ၊ မောင်အောင်ကျော်သူ၊ မအေးငြိမ်းသူတို့၏ မွေးသဖခင် ဗိုလ်မှူးအောင်မြင့်(ငြိမ်း)သည် ၂၉–၆–၂၀၀၄(အင်္ဂါနေ့)တွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁–၇–၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုလှမြင့်(ခ)အင်ကြိုင်း အသက်(၅၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် (၁၁၈)၊ ပထမထပ်နေ (ဦးပါ–ဒေါ်တင်ကြည်)တို့၏သား၊ ဒေါ်အေးအေးမေ (ဒု–လက်ထောက်မန်နေဂျာ၊ရှင်း/ပို့၊ ကကဝယ်)၏ မောင် ကိုလှမြင့်(ခ)အင်ကြိုင်းသည် ၂၆–၆–၂၀၀၄ (စနေနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ဈာပနာတွင် လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းနှင့် အဘက်ဘက်မှ ဆောင်ရွက်ပေးကြသော သူငယ်ချင်းများအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးငွေလွယ်(ပုသိမ်) အသက်(၈၈)နှစ်

ပုသိမ်မြို့၊(၁၂၆)၊ကမ်းနားလမ်းနေ (ဦးအခွေ–ဒေါ်ဆင့်)တို့၏သား၊ ဒေါ်ဖွားစိန်၏ခင်ပွန်း၊ ဦးကြည်ဝင်း [ဒု–ညွှန်မှူး(ငြိမ်း)ဆ/မ၊အကြံပေး(Max MyanmarCo;)]–ဒေါ်ခင်မြင့်၊ ဦးစောဝင်း[အထွေထွေမန်နေဂျာ၊အထည်၊စက်မှု(၁)]–ဒေါ်မြင့် မြင့်ကြူ၊ ဦးရဲဝင်း(ဦးစီးအရာရှိ၊ဆ/မ ITC ပဲခူး)–ဒေါ်မြင့်မြင့်စမ်း၊ ဒေါ်နယ်လီ(ဗဟို သ/မ)၊ ဒေါ်ဟန်ကြည်(အထက–၃၊ပုသိမ်)တို့၏မွေးသဖခင်၊ မြေး ၁၂ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၉–၆–၂၀၀၄(အင်္ဂါနေ့)ည ၇နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်းတွင် ကွယ်လွန်ပါ၍ ၁–၇–၂၀၀၄(ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

[အမှတ်၅၈၉(B)၊ရွှေနှင်းဆီ(၄)လမ်း၊(၈)မိုင်ခွဲ၊မရမ်းကုန်းမြို့နယ် နေအိမ်မှ ကားများ ညနေ ၃း၃၀နာရီတွင်ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးတင်မြင့်(ငြိမ်း)(ခ)ဦးညိုကြီး အသက်(၇၇)နှစ်

မော်ကွန်းဝင်ဒုတိယဆင့်
(ဝါးခယ်မ/မအူပင်)(မြို့နယ်အသင်းနာယက)

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နေ အငြိမ်းစားရဲဝန်ထောက်မင်း(ဦးမောင်မောင်ကြီး–ဒေါ်မြရွှေ)တို့၏သား၊ (ဦးမောင်လေး–ဒေါ်မြ)တို့၏ သားသမက်၊ (ဦးကြည်မောင်–ဒေါ်တင်တင်ညွန့်)၊(ဦးကျော်မြင့်)–ဒေါ်ကြည်စိန်တို့၏ ညီ/မောင်၊ (ဦးသံဒိုင်–ဒေါ်သိန်းသိန်း)၊ (ဦးခင်မောင်ချို–ဒေါ်ခင်မေရီ)၊ (ဦးတင်လှ)–ဒေါ်နန်းယံတို့၏ အစ်ကို၊အမှတ်(၅၄)၊မလွှကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်အုန်းရှင်၏ ခင်ပွန်း၊ ဦးစန်းမောင်(မြို့/ရွာအိုးအိမ်၊ တွဲဖက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်)–ဒေါ်ချိုချိုမြင့်(မြို့/ရွာအိုးအိမ်)၊ ဦးထိန်အောင်လင်း–ဒေါ်ခင်ခင်မြင့်၊ ဒေါ်ရီရီမြင့်(အမက–၁၉၊ တောင်ဒဂုံ)၊ ဦးရဲအောင်(ခြင်းလုံး)–ဒေါ်နှင်းဆီဆွေ၊ ဒုအရာခံဗိုလ်မျိုးသန့်(တပ်မတော်ဆေးရုံကြီး)–ဒေါ်သင်းသင်းမြင့်၊ (ဦးမိုးကျော်သူ–ဒေါ်ညိုညိုဆင့်)၊ ကိုသန်းထိုက်–မခင်ခင်မိုး၊ ကိုမျိုးဆွေ–မသဇင်အေးတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၂၉–၆–၂၀၀၄ရက် နံနက် ၁၀း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁–၇–၂၀၀၄ရက် ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထင်ကျော်(၈၇)နှစ်

တိုင်းသ/မဦးစီးဌာနခွဲမှူး(ငြိမ်း)
(ဒေးဒရဲ)

ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နေ (ဦးမောင်ကြီး–ဒေါ်သီလှ)တို့၏ သား၊ (ဆရာကြီးဦးဘရှိန်–ဒေါ်အုံး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ(၆)လမ်း၊ အမှတ်(၃၀၁)နေ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးခင်မောင်တင့်(ပြန်/ဆက်ဦးစီးအရာရှိ၊ငြိမ်း)၊ ဦးခင်မောင်မြင့် (ဒုညွှန်မှူး–ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)–ဒေါ်ကင်ပု(လ/ထ တိုင်းစီမံကိန်းမှူး–ငြိမ်း)၊ ဒေါ်ရင်ရင်သန်း (ဌာနစုမှူး၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်)၊ ဦးစံမောင်ဦး–ဒေါ်ခင်အေးကြွယ်(ဒေးဒရဲ)၊ ဦးမျိုးလွင်–ဒေါ်ရင်ရင်သောင်း (ဦးစီးအရာရှိ၊ နယ်စပ်/စည်ပင်)၊ ဦးအုံ့ကြည်(တပ်မတော်–ရေ)–ဒေါ်လှလှအေး(ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးမျိုးညွန့်–ဒေါ်ကြူကြူဝင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၈–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်အေး(၇၁)နှစ်

(အိမ်မဲမြို့နယ်အသင်းနာယက)

ဧရာဝတီတိုင်း၊ အိမ်မဲမြို့၊ ကျွဲလမ်းနေ (ဦးချစ်ဖြူ–ဒေါ်စိန်လှ)တို့၏သမီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၃၁၂)၊ ရွှေဘုံသာလမ်း(အလယ်)နေ (ဦးငြိမ်း)၏ဇနီး၊ဦးကျောက်ဒိုး–(ဒေါ်မြိုင်)တို့၏ညီ၊ (ဦးချွန်)–ဒေါ်မြရင်(ဒေါ်မြရင်အလှကုန်)၏ညီမ၊ ဦးကျော်ခင်–ဒေါ်လှနွယ်၊(ဦးကျော်သိန်း)–ဒေါ်စန်းမြိုင်တို့၏အစ်မ၊ (ဦးစိန်မြင့်)–ဒေါ်ကြည်ကြည်စန်း၊ ဒေါ်မူမူ(ကြာညိုသင်းအလှကုန်)၊ (ဦးလှဝင်း)–ဒေါ်စောရင်၊ ဦးလှအောင်–ဒေါ်ဖြူဖြူ(ဦးသန့်ဇင်)၊ (ဒေါ်မြင့်မြင့်သန်း)၊ ဦးရဲထွဋ်အောင်–ဒေါ်နုနုရင် (ကြာညိုသင်းအလှကုန်)တို့၏ ချစ်လှစွာသော မွေးမိခင်၊ မြေး ၁၁ယောက်တို့၏ အဘွားသည်၂၉–၆–၂၀၀၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁–၇–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်မြင့်ကြွယ်(၃၂)နှစ်

ရန်ကုန်တိုင်း၊ရန်ကင်းမြို့နယ်၊အမှတ်(၁)၊ ဈေးလမ်း၊(၁၅)ရပ်ကွက်နေ (ဦးအောင်သိန်း)–ဒေါ်ခင်ဝေတို့၏သား၊ (ကိုသန်းဦး)၊ ကိုဇော်ကြီး–မမြင့်မြင့်သီ၊ ကိုမြင့်ကြည်–မသင်းသင်း၊ ကိုတင်မောင်ဝင်း–မနွဲ့ရီ၊ (ကိုတင်မောင်လင်း)–မမိုးမိုး သိန်းတို့၏ညီ မောင်မြင့်ကြွယ်သည် ၂၈–၆–၂၀၀၄ရက်တွင်အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးသွင်(၇၈)နှစ်

(မြို့မကျောင်းသားဟောင်း)
(ဌာနမှူး/အငြိမ်းစား)
စက်မှု/စားကုန်(ဂျုံလုပ်ငန်း)

ရန်ကုန်မြို့နေ (ဦးသာညို–ဒေါ်ရှင်)တို့၏ သားကြီး၊ (ဦးဘမောင်ချိန်)–ဒေါက်တာ ဒေါ်သန်းငွေတို့၏ မောင်၊ ဦးတင်မောင်အေး–ဒေါ်ခင်မြရီ၊ (ဦးကျော်မြင့်)–ဒေါ်သောင်းစိန်၊ ဦးအုန်းကြည်–ဒေါ်မေမေရီ၊ (ဦးကိုကိုလေး)–ဒေါ်ခင်မမ၊ ဦးသစ်လွင်–ဒေါ်ခင်ဆွေညို၊ (ဦးသန်းခင်)–ဒေါ်ခင်မုံ၊ (ဦးထွန်းလွင်)–ဒေါ်ခင်ယုံ၊ (ဦးမြသောင်း)–ဒေါ်သိန်းမြင့်၊ (ဦးဘိုးသိန်း)–ဒေါ်မြငြိမ်း၊ ဦးမျိုးညွန့်–ဒေါ်ခင်ထွေး၊ ဦးညွန့်ရှိန်–ဒေါ်ခင်လေး၊ ဦးအောင်ထွန်း–ဒေါ်ရီရီ၊ ဦးတင်အောင်ထွန်း–ဒေါ်ထွေးသိန်း၊ ဦးသိန်းထွန်း–ဒေါ်ချစ်သက်ထားတို့၏ အစ်ကိုကြီး၊ အမှတ် (၂၀)၊ မြစ်ပယ်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်အေး၏ ခင်ပွန်း၊ ဦးနိုင်အေး–ဒေါ်ခင်မြဝင်း၊ ဦးထွန်းဆန်းအောင် – ဒေါ်သီတာအေးသွင်၊ ကိုနိုင်ငွေး၊ ကိုနိုင်ထွေး–မမီမီလွင်၊ ကိုထွန်းထွန်းလင်း–မစန္ဒာအေးသွင်တို့၏ ဖခင်သည် ၂၉–၆–၂၀၀၄ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁–၇–၂၀၀၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ၁း၄၅နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်မြ (၇၁)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၄၇)၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၆)လမ်းနေ ဦးညွန့်မောင်၏ ဇနီး၊ ဦးမောင်မောင်စိုး(UNICEF)–ဒေါ်စန်းရီ၏ အဒေါ်၊ ဦးသိန်းဝင်း–ဒေါ်ခင်စိန်မြင့် (အမက–၄၊ မ/ဥက္ကလာပ)၊ ဒေါ်ငွေးငွေးကြည်(သစ်လုပ်ငန်း)တို့၏ မိခင်၊ မထားထားအိ၊ မောင်ထွန်းထွန်းနိုင် (သစ်လုပ်ငန်း)၊မမေသူအောင်၊ မောင်ငြိမ်းချမ်းဇော်တို့၏ အဘွားသည် ၂၈–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှမြင့်ထူး (၆၃)နှစ်

လက်ထောက်မန်နေဂျာ(ငြိမ်း)
ကုန်းလမ်းပို့ဆောင်ရေး

ဧရာဝတီတိုင်း၊ မဲဇလီကုန်းမြို့နေ (ဦးမောင်ထူး–ဒေါ်ရီ)တို့၏ သားကြီး၊ ရမည်းသင်းမြို့နေ (ဦးပု–ဒေါ်ခင်ပု)တို့၏ သားသမက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၀)ရပ်ကွက်၊ သီတာလမ်း၊ အမှတ် (၂၂၃)နေ ဒေါ်သန်းသန်းလွင်(အထက–၄၊ ကြည့်မြင်တိုင်–ငြိမ်း)၏ ခင်ပွန်း၊ ဦးထင်ကျော်–ဒေါ်စန်းမြင့် (ကုန်သွယ်ရေး)၊ ဦးစိုးမြင့်ထူး–ဒေါ်တင်တင်ဝင်း၊ ဦးဝင်းမြင့်–ဒေါ်မြင့်မြင့်၊ ဦးထွန်းအောင်ကျော်မြင့်(ကြွေ–၁)တို့၏ အစ်ကိုကြီး၊ ဦးစိုးလွင်(စစစ) – ဒေါ်လွင်မိုးသက် (နည်းပြ၊သင်္ချာဌာန၊ မအူပင်တက္ကသိုလ်)၊ မောင်ဇာနည်မြင့် – မထွေးထွေးတို့၏ ဖခင်သည် ၂၈–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉–၆–၂၀၀၄ ရက် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ကြည် (၇၇)နှစ်

(၇–မိုင်)

ရန်ကုန်မြို့နေ (ဦးမာလာ–ဒေါ်စိန်ပွင့်)(၇–မိုင်)တို့၏ သမီးကြီး၊ (ဦးလှ–ဒေါ်မယ်ငြိမ်း)(ကမ္ဘာအေး)တို့၏ သမီးချွေးမ၊ (ဦးထွန်းမြင့်)၏ ဇနီး၊ (ဦးမြသောင်း)၏ မိခင်၊ (ဦးဘိုဖြူ)–ဒေါ်တူး၊ (ဦးညွန့်ရွှေ)–ဒေါ်ငွေစီ၊ ဦးမောင်ဝင်း–(ဒေါ်ခင်သန်းကြွယ်)၊ ဒေါ်စောမြင့်တို့၏ အစ်မကြီး၊ တူ၊ တူမ ၂၁ ယောက်တို့၏ ကြီးကြီး၊မြေးငါးယောက်တို့၏ ဘွားဘွားကြီး၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊တိုက်(၂)၊ အခန်း (၁၀၄)၊ ပထမထပ်နေ ဒေါ်ခင်ကြည် သည် ၂၈–၆–၂၀၀၄ရက်တွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နီနီ (၅၈)နှစ်

လက်ထောက်ကျန်းမာရေးမှူး
သာကေတမြို့နယ်ကျန်းမာရေးဦးစီးဌာနယခင် တပ်မတော်ကလေးများ ကျောင်းသူဟောင်း
(ပခုက္ကူ)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ကျန်းမာရေးဦးစီးဌာနဝင်းနေ (ဦးကျော်ရှိန်–ဒေါ်မိလေး)တို့၏ သမီး၊ (ဗိုလ်ကြီးခင်ကြူး)–ဒေါ်ခင်ကြည်၊ (ဗိုလ်ကြီးတင်ထူး–ဒေါ်စိန်ဆင့်)တို့၏ တူမ၊ ဦးခင်မောင်အေး(အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ငြိမ်း)–ဒေါ်ခင်တင့်တို့၏ အစ်မ၊ မောင်ခင်ဇော်ဝင်း (Golden Hill Tower)– မသင်းသန္တာဦး၊ မမြသန်းနု (Traders Hotel)၊ မစန်းစန်းယု (KMD)တို့၏ အဒေါ် ဒေါ်နီနီသည် ၂၈–၆–၂၀၀၄ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်ညို(၅၆)နှစ်

(ဝေါ)

ပဲခူးတိုင်း၊ ဝေါမြို့နေ (ဦးချစ်သန်း–ဒေါ်ငွေသင်)၊ ဦးဘို–(ဒေါ်တင်ကြည်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးကြီးညွန့်(ငြိမ်း) – (ဒေါ်အမာတင်)၊ သနပ်ပင်မြို့နေ (ဦးလှအောင်)–ဒေါ်အုံးကြည်တို့၏ညီမ၊ ပဲခူးမြို့နေ ဦးတင်ပု–ဒေါ်စန်း၊ ဝေါမြို့နေ ဒေါ်မြင့်တို့၏အစ်မ၊ ဝေါမြို့နေ (ဦးရွှေကြီး)–ဒေါ်ဝင်းကျင်၊ (ဦးညွန့်မောင်)–ဒေါ်ယဉ်မေတို့၏တူမ၊ ပြည်မြို့နေ ဦးသိန်းငွေး–ဒေါ်ဝင်းမြင့်သန်း၊ရန်ကုန်မြို့နေ တပ်ကြပ်အောင်မြင့်–ဒေါ်လှလှ၊ ဝေါမြို့နေ ဦးဝင်းမောင်–ဒေါ်ကြွယ်ကြွယ်၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး ကျော်သန်းငွေး(ကာကွယ်ရေးဝန်ကြီးဌာန)–ဒေါ်မြမြ၊ ဝေါမြို့နေ ဦးသိန်းထွန်း–ဒေါ်သီသီဝင်း၊ ကိုလှိုင်ဦး–မမူမူဝင်း၊ ကိုမျိုးသန့်–မမြသီတာ၊ ကိုအောင်ဆန်းလင်း၊ ကိုရဲဝင်းထွဋ်–မမေနွယ်လှိုင်တို့၏အစ်မကြီး၊ ကိုလှဦး–မအေးအေးနိုင်၊ ကိုလှထူး–မအေးအေးသန့်၊ကိုလှထွဋ်–မနွယ်နီဝင်း၊ (မောင်ဇော်မျိုးထွန်း)တို့၏မွေးသမိခင်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးလှသောင်း၏ ဇနီး ဒေါ်ညိုသည် ၂၅–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃–၇–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဝေါမြို့ အေးချမ်းသာယာ(၁)လမ်းနေအိမ်မှ ကွင်းချောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုအောင်ကျော်ငြိမ်း အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရားလမ်းနေ ဦးရွှေလှ–ဒေါ်ကျင်လှတို့၏ မြေး၊ ဦးထွန်းနိုင်–ဒေါ်လှသန်းတို့၏ သား၊ ဦးတင်အောင်–ဒေါ်စောသိန်းတို့၏ သားသမက်၊ ဦးဝင်းအောင်၊ ဦးဝင်းလှိုင်–ဒေါ်မာမာအေး၊ မချိုချိုမြင့်တို့၏ ညီ/မောင်၊ ကိုမျိုးမင်းသန့်–မသစ်သစ်မာ၊ ကိုကျော်ထင်–မစပွဲယ်ဖြူ၊ ကိုခင်လတ်–မစပွဲယ်စိုး၊ ကိုမျိုးမင်းသန့်–မတင်ငွေးဦး၊ ကိုသန်းမင်းလတ်–မစန်းစန်းငွေး၊ မောင်အောင်အောင်ငွေး၊ မောင်ဖြိုးဝေအောင်တို့၏ အစ်ကို၊ မောင်ထွန်းမင်းလတ်၊ မဇင်ဇင်အောင်တို့၏ မွေးသဖခင်၊ မမြမြစိုး(ခ)စိုးစိုး၏ ခင်ပွန်းသည် ၂၈–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ အာစာရ

သိက္ခာတော် (၁၁)ဝါ၊ သက်တော်(၃၁)နှစ်

ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊ အနန်းပင်တောရစာသင်တိုက်၌ သီတင်းသုံးတော်မူသော ဓမ္မကထိကဘဒ္ဒန္တအာစာရသည် ၂၇–၆–၂၀၀၄ (တနင်္ဂနွေနေ့)နံနက်၄း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ၁–၇–၂၀၀၄(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ ပူဇော်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ဒါယိကာမများအား အကြောင်းကြားပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းရွှေ(၉၂)နှစ် (တောင်ငူ)

ဒေါက်တာကျော်ညွန့်စိန်–ဒေါ်သန်းသန်းအေး၊ ဦးဝေလွင်–ဒေါ်ခင်မာအေး တို့၏မိခင်ဒေါ်အုန်းရွှေသည် ၂၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့် အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာပီတာနေဝင်း–ဒေါ်ခင်လှမြင့် မိသားစု။

ဒေါ်ခင်အုန်း (၇၆)နှစ်

(ဟသ်ာတ)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ(၉)လမ်း၊ အမှတ် (၇၆၈)နေ (ဦးမောင်သင်–ဒေါ်မယ်ခန့်)တို့၏ သမီး၊ ဦးထွန်း၏ ဇနီး၊ ကိုလှသိန်း (မထသ၊ ရုံးချုပ်)–ဒေါ်မြင့်မြင့်ကြည် (အမက–၇၊ မြောက်ဒဂုံ)၊ မမြမြစန်း (ပုဝါ–၂၃)၊ ကိုဟံငွေး–မရင်ဖြူ၊ မောင်ကိုကိုလေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်အောင်ကျော်ဇော၊ မအေးချမ်းမြင့်ကြည်၊မောင်နေလင်းအောင်၊ မဇင်နှင်းဝေတို့၏အဘွားသည် ၂၈–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြူ(၇၁)နှစ်

ကျောက်ဆည်ကျေးရွာ
သရက်ချောင်းမြို့နယ်

တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာနေ (ဦးနန်းရင်–ဒေါ်မကွမ်း)တို့၏ သမီး၊ (ဦးအောင်မြ–ဒေါ်စောမေ)တို့၏ ချွေးမ၊ ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ အမှတ် (၂၀၉)နေ ဦးတိုး၏ ဇနီး၊ ကိုနိုင်ဝင်း–မစန္ဒာတို့၏ မိခင်၊ မြေးနှစ် ယောက်တို့၏ အဘွားသည်၂၇–၆–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂ နာရီတွင် ကျောက်ဆည် ကျေးရွာသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြိုင်(၆၃)နှစ်

ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်နေ (ဦးဘိုးဟန်–ဒေါ်စိန်ညို)တို့၏သမီးထွေး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့သစ်၊အမှတ်(မ/၂၈)၊ဘောဂလမ်း၊ ကွက်သစ်ရပ်ကွက်နေ (ဦးစိုးသိန်း–မော်လမြိုင်ကျွန်း အသင်း)၏ဇနီး၊ (ဦးမြတ်သာ)–ဒေါ်သန်းသန်းမော်၊ မယဉ်ယဉ်မော်၊ ဦးအောင်လှိုင်–မဝင်းဝင်းမော်၊ ဦးကျော်ကျော်ဝင်း–မမြင့်မြင့်မော်(ရိုးမဘဏ်လီမိတက်၊ဘုရင့်နောင်ဘဏ်ခွဲ)တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၈–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃၀–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်အောင်ခိုင် (၃၆)နှစ်

ဒု–ဦးစီးမှူး၊ငါးလုပ်ငန်းဦးစီးဌာန

သံတွဲမြို့၊ ငပလီရွာ(သုခရိပ်ငြိမ်)နေ ဦးရဲမြင့်–ဒေါ်မေမေမြင့်တို့၏ သား၊ ကျောက်ဖြူမြို့နေ ဦးတင်ရွှေ–ဒေါ်လှမိုးစိန်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊ ငါးဦးစီးရုံး (ဒုတိယထပ်)နေ မစန္ဒာလင်း၏ ခင်ပွန်း၊ ဒေါ်ရီရီမြင့်(အထက၊ ငပလီ)၊ ဒေါ်နွယ်နွယ်ခိုင်၊ မစန်းစန်းဝင်းတို့၏ မောင်၊ မဆုမြတ်ထက်၊ ဦးရန်နိုင်စိုး (အင်ဂျင်နီယာ–၂၊ လမ်း/တံတား၊ ရွှေပြည် သာ၊ SCT)–ဒေါ်စိုးသန္တာထိုက်တို့၏ အစ်ကို၊ မောင်ဘဏ်လင်းစိုး၊ မောင်မြတ်သုခ၊ မောင်ဟိန်းထက်ဇော်၊ မောင်မော်ကွန်းသစ်တို့၏ဦးကြီးသည်၂၉–၆–၂၀၀၄ရက် တွင်မြောက်ဥက္ကလာပ၊ ဝေဘာဂီအထူးကု ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁–၇–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဝေဘာဂီ အထူးကုဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများနံနက် ၁၁း၃၀နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးကဝိဓဇ(ခ)ဦးကြည်လွင်

သိက္ခာတော်(၁၂)ဝါ၊
သက်တော်(၇၉)နှစ်
တေဇစက္ကီကျောင်းတိုက်၊(၈)မိုင်
(မူကွဲ)

ရန်ကုန်မြို့၊ (၃၇)လမ်းနေ (ဦးဖိုးမှိန်–ဒေါ်ချစ်မြ)တို့၏ သားကြီး၊ ဦးစိန်ခို–ဒေါ်နှင်းငွေတို့၏ သားသမက်၊ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဇ္ဇနာ(၁၁)လမ်း၊ အမှတ်(၁၄၃)နေ ကိုဝင်းဆွေ–မခင်ငွေးဝင်း(ဝင်းအိရွှေစင်ရတနာလုပ်ငန်း)၊ မမာလာတင်၊ မောင်တင်မျိုးလွင်(ရွှေပန်းထိမ်) မအေးအေးသန်း၊ မောင်တင်မင်းလွင် (ရွှေပန်းထိမ်)တို့၏မွေးသဖခင်၊ မြေးငါးယောက် တို့၏ အဘိုးသည် ၂၉–၆–၂၀၀၄(အင်္ဂါနေ့) နံနက်၅နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁–၇–၂၀၀၄(ကြာသ ပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်(၁၄၃)၊ (၄)ရပ်ကွက်၊ ဥဇ္ဇနာ(၁၁)လမ်း၊ မြောက်ဥက္ကလာပမြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းအမ

ဒေါ်ရှုခင် (၇၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ (၄၈)သီရိလမ်းနေ (ဦးယုတိတ်–ဒေါ်လှရင်)တို့၏ သမီး၊ (ဦးသန်းမောင်)၏ဇနီး၊ဦးကိုကို(လ/ထ စက်ရုံမှူး–ငြိမ်း၊ဆ–ပ–၁)–ဒေါ်စိန်စိန် တို့၏မွေးသမိခင်၊ ဦးသူရိန်စော (Woo & Ho Co.,Ltd H.K)–ဒေါ်ခင်မမကို၊ ဦးစောသာဝင်းလွင်(အကောက်ခွန်မှူး၊ နဆခ၊မူဆယ်)–ဒေါ်ခင်ပပကို၊ ဦးယုကို–ဒေါ်ဆင့်ဆင့်ကိုတို့၏ အဘွား၊ မောင်ဇော်လင်းထက်(ထ–၂၊အင်းစိန်)၊ မောင်သူရစော(ထ–၂၊ကမာရွတ်)၊ မစန်းသော်တာလွင်(ထ–၂၊စမ်းချောင်း)၊ မောင်လင်းကျော်ထက်(အမက–၃၊ အင်းစိန်)တို့၏ ဘွားဘွားကြီးသည် ၂၈–၆–၂၀၀၄ရက် တွင် ကွယ်လွန်ပါ၍ ၃၀–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ချင်ကင်ဖူး(ခ)ဦးခင်အောင် အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း၊အမှတ်(၂၂၉)၊ပထမထပ်(ယာ)နေ (ချင်းအီဝီ–အင်ကင်ပိုင်)တို့၏ သားထွေး၊(လီရိန်ရှပ်–လူယူခန်)တို့၏ သားသမက်၊ ဒေါ်ခင်အေး(ခ) လီဂန်ဖုန်၏ ခင်ပွန်း၊ (ချင်ကိန်းဖူ)၊(ဦးအေးမောင်–ဒေါ်ရီ)၊ဦးအောင်–ဒေါ်ရွှေတို့၏ ညီ/မောင်၊ ဒေါ်မေယဉ်–ဦးသက်နိုင်၊ ဒေါ်မေဟုန်–ဦးကိန်းချူ၊ ဒေါ်မေလေး–ဦးလှတင်၊ ဒေါ်မေဖုန်–ဦးဝင်းအောင်၊ ချင်ကော့ခင်–လော်ရီလင်၊ ဒေါ်မေကြည် (ဥပဒေ)–ဦးသန်းငွေး၊ ဒေါ်မေထွိုင်–ဦးမင်းသန်းတို့၏ဖခင်၊ မြေး ၁၄ယောက် တို့၏အဘိုးသည် ၂၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁–၇–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့ညနေ ၄နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နိုင်က အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရေးစီမံကိန်းအရ ဆောင်ရွက်နေသော မြေပေါ်/မြေအောက် ရေမြောင်း **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❃

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ နိုင်ငံခြားစစ်သံမှူးများ တက်ရောက်လေ့လာ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယက ဂျပန်နိုင်ငံစစ်သံမှူး Colonel Hideaki Kitahara ခေါင်းဆောင်ပြီး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ကိုရီးယားသမ္မတနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ နိုင်ငံခြားစစ်သံမှူးများသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ယနေ့ကျင်းပသည့် အမျိုးသား **စာမျက်နှာ ၆ ကော်လံ ၃ သို့** ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဂိုတ်ဝင်ကြေး ဖြင့်ဆင်သတ်မှတ်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပြိုင်ပွဲများကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းတို့တွင် ကျင်းပလျက်ရှိရာ ယခင် ဂိုတ်ဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၅၀၀ နှင့် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❍

ရင်းရင်းနှီးနှီးနှုတ်ဆက်

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

အိမ်ရှင်ပေါ်တူဂီ ဗိုလ်လုပွဲတက်ခွင့် ရမည်လား

ရန်ကုန် ဇွန် ၂၉

သတင်းဆောင်းပါး - ဂမ်ဆိုင်း

ယူရို-၂၀၀၄ ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သည်။ ဆီမီးဖိုင်နယ်သို့ ပေါ်တူဂီ၊ ဟော်လန်(နယ်သာလန်)၊ ချက်နှင့် ဂရိအသင်းများ တက်ရောက်နိုင်ခဲ့ကြသည်။ ကွာတားဖိုင်နယ်လေးပွဲတွင် နှစ်ပွဲသည် ပိုင်နယ်တီအဆုံးအဖြတ် ကန်ရသည်။ ကျန်ပွဲစဉ်နှစ်ခုသည် မိနစ် ၉၀ အတွင်း အရှုံးအနိုင် အဖြေထွက်ခဲ့သည်။

ဆီမီးဖိုင်နယ် ပထမပွဲစဉ်အဖြစ် အိမ်ရှင်ပေါ်တူဂီနှင့် ဟော်လန်(နယ်သာလန်)အသင်းတို့ ကစားကြရမည်။ ဒုတိယပွဲစဉ်အဖြစ် ချက်နှင့် ဂရိတို့ ယှဉ်ပြိုင်ကစားမည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✡

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး